မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စက်မှုလုပ်ငန်းများအတွက် လိုအပ်သောသံနှင့်သံမဏိကုန်ကြမ်းများ ထုတ်လုပ်ပေးနိုင်ရန်အတွက် နိုင်ငံတော်က ပင်းပက်ကဲ့သို့သော သံသတ္တုရိုင်းသိုက်များကို ခေတ်မီနည်းပညာနည်းစဉ်ဖြင့် အဆင့်ဆင့်ထုတ်လုပ်ပြုပြင်သည့် စက်ရုံများ ထူထောင်သွားမည်ဖြစ်။

စက်မှုဇုန်များအနေဖြင့် ရရှိနေသည့်အရှိန်အဟုန်များ ဆက်လက်တိုးတက်နေရေး ထုတ်လုပ်သောပစ္စည်းများအရည်အသွေးမီအောင် အမြဲသုတေသနပြုလုပ်ကိုင် ထုတ်ကုန်များအပေါ် သုံးစွဲသူများ၏ ဝေဖန်အကြံပြုချက်ကို အလေးထားရယူ

သုံးစွဲသူကြိုက်နှစ်သက်အောင် အဆင့်အတန်းရှိသည့်ထုတ်ကုန်များ တီထွင်ထုတ်လုပ်

နေပြည်တော် ဧပြီ ၂၈

ရှမ်းပြည်နယ် ရပ်စောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရပ်စောက်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရှိ အေးသာယာစက်မှုဇုန်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အေးသာယာစက်မှုဇုန် ရှင်းလင်းဆောင်၌ အေးသာယာစက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြရာ၌ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်တွင် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။
(အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး ရေအားလျှပ်စစ်စီမံကိန်းများ ကြိုးပမ်းတည်ဆောက်နေ

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီလ ၂၅ရက်နေ့က ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများသို့ ရောက်ရှိပြီးကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နန့်တိမ်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး ရေလွှဲဆည် အမှတ်(၁)၊ အမှတ်(၂) ရေယူအဆောက်အအုံ ရေပေးတူးမြောင်း၊ သဲနုန်းထုတ်ကန်နှင့် ရေသွယ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

ရေထိန်းကန်၊ ဖိအားမြှင့်ပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားခွဲစက်ရုံနှင့် စက်ရုံ ရေထုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းလုပ်ငန်း တစ်ခုလုံးအနေဖြင့် ၇၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ယင်းစီမံကိန်း ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

ထို့ပြင် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို ရေအားပိုမိုအထောက်အကူပြုနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အားကိုပါ ထုတ်ယူနိုင်စွမ်းရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ နမ့်တိန်ချောင်းတစ်လျှောက်၌ ကျိုင်းတောင်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများ အဆင့်ဆင့် ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်း သွယ်တန်းမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးသည် အရေးပါလျက်ရှိရာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် သက်ဆိုင်ရာဝန်ထမ်းများက အင်တိုက်အားတိုက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက် လုပ် ရန်အတွက် ဖခင် ဦးလှဖေနှင့်မိခင်ဒေါ်တင်တင်လှ တို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၃၀/၁၀-က)နေ ဦးထွန်းလင်းဦး-ဒေါ်စောယု၊ သမီး မမေသန့်စင်၊ သားမောင်ကောင်းထက် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ (သဒ္ဓမ္မ-ဇောတိကဓဇ) ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် လုပ်ငန်းရှင်များတွေ့ဆုံ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးလှိုင်မြင့်က ခရီးသွားလုပ်ငန်း ကြီးကြပ်မှုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက ခရီးသွားလုပ်ငန်း မြှင့်တင်မှုများကို လည်းကောင်း၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်ဝင်းက ဟိုတယ်လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာဦးရဲမြင့်က ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဌေးအောင်က မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းရှင်များက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

ကြည့်ရှုလေ့လာ

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ခင်းကျင်းပြသထားသော Hotels and Tourism Websites များကိုလည်းကောင်း၊ e-Government on Line Systems များကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သွေးသားရင်းချာ**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ လက်စွမ်းပြပဟန် ဂီတသံ
၄:၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၅။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့် ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၁၅ ၁၀။ မိုးလေဝသသတင်း
၆:၂၀ ၁၁။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၅ ၁၃။ အုံသြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Arsenal Vs Fulham (Live)

တောင်သုံးလုံး ဇေတဝန်ကျောင်း အနေကဇာတင်ပွဲနှင့် ဌာပနာပိတ်ပွဲ

ရန်ကုန် ဧပြီ ၂၈

သာဝတ္ထိမြို့ ဇေတဝန် ပရိယတ္တိစာသင်တိုက်အတွင်း စတုတ္ထသတ္တဟာ ရတနာဃရ စံအိမ်တော် အနေကဇာတင်ပွဲနှင့် အကျွတ်အလွတ်စေတီ ဒုတိယအကြိမ်ဌာပနာပိတ်ပွဲကို ကဆုန်လပြည့်နေ့(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း သုခလမ်းနေ ဒေါ်သန်းညွန့် မိသားစုက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ်နိုင်ငံချစ်ကြည်ရေးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh ခေါင်းဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါရှိသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ဂနာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့လာရောက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆီအုန်း၊ သစ်သီးဝလံ၊ ပဲမျိုးစုံနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E. Mr. Tran Trong Khanh နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကဆုန်ညောင်ရေ အေးချမ်းစေ

* ဂိမာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းအပူ ငြိမ်းစေမည်။
* ငြိမ်းအေးသာကြည်
မြန်မာပြည်တွင်
ရေရှည်မှန်းဆ
ညီညွတ်ကြ၍
အလှဂုဏ်ရည် တင့်ပေပြီ။
* တင့်လှညီညာ
ပြည်မြန်မာသည်
အနာဂတ်လမ်း
ညီညွတ်စွမ်းနှင့်
တက်လှမ်းစုံညီ
ချီလေပြီ။
* ဂိမာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်းညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းဇမ္ဗူငြိမ်းစေသတည်း။ ။

နှင်းမောင်(ဧီးကုန်း)

ဘဏ်လုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းများတိကျစွာလိုက်နာ

နေပြည်တော် ဧပြီ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့်မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ (၈၈)ကြိမ်မြောက် လစဉ်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တိကျစွာလိုက်နာ

ရှေးဦးစွာ ဘဏ်များကြီးကြပ်ရေးကော်မတီနာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်စတွင် မြန်မာနိုင်ငံ ဘဏ်များအသင်းအမှုဆောင်များကို လိုအပ်သည်များ မှာကြားလို၍ ယခုလိုတွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ်အခြေခံပြီး ဘဏ်လုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန်ဖြစ်ကြောင်း ဘဏ်လုပ်ငန်းရေရှည်တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်များတွင် ဖွဲ့စည်းပြီးဖြစ်သည့် Research & Development Section များ၏ ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်းပြည်ပသတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ရေး လုပ်ငန်းစဉ်များသည် ထိရောက်ထက်မြက်ကြရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအား တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

အမှာစကားပြောကြား

ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက်ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဆွေးနွေးမှာကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကတင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ကဆုန်လဆန်း၁၄ ရက်
(အဖိတ်နေ့)
၂၉-၄-၂၀၀၇ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သတ္တ သတ္တာဟစံနေတော်မူခန်း (ဣန္ဒြာဆွေရေးဖွဲ့ပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်)
၇း၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၁၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ (ရှိသေထိုက်သူ)
၈း၂၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ Yan Can Cook
၁၁း၅၅ ၅။ မြန်မာရုပ်ရှင် **ချစ်အိမ်ထဲက မိသားစု** (ညွှန့်ဝင်း၊ ထွန်းထွန်းနိုင်၊ ချိုပြုံး၊ မေဝင်းမောင်၊ ငြိမ်းငြိမ်းအိ) (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၃း၅၀ ၆။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့(အပိုင်း-၂)
၁၄း၀၅ ၇။ **အန္တရာယ်ကင်းစေ ဘေးရှင်းစေ** (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)
၁၄း၂၀ ၈။ သစ်လွင်ခံ့ညား ဖားတစ်ရှဉ်းတံတား
၁၄း၃၀ ၉။ ဓမ္မပူဇာတေးအစီအစဉ်
၁၄း၄၅ ၁၀။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၅ ၆။ ကဆုန်လပြည့်နေ့တေးများ
၁၇း၂၅ ၇။ မြို့လုံးကျွတ်ဆင်နွှဲ ရွှေဘိုမြို့ ကဆုန်ညောင်ရေသွန်းပွဲ
၁၇း၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သီရိဂေဟာ
၁၉း၀၅ ၁၂။ **သစ်ရွက်ဆွေး သဘာဝမြေဩဇာပြုလုပ်သုံးစွဲပါ** (ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၂၀)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၁၂)

ဧပြီ ၁၀ ရက်က လှိုင်မြို့နယ် (၄)ရပ်ကွက် သုတရတနာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်တွင် မြို့နယ်ပြန် ကြား ရေးနှင့် ပြည်သူ့ဆက် ဆံ ရေး ဦးစီးဌာနက နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ ရပ်ကွက်ဥက္ကဋ္ဌဦးတင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံထက်စီးနင်း ဖျက်ဆီးခြင်းခံနေရသည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာတစ်ရပ်

၂၀၀၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ ည ၇ နာရီတွင် RFA က "ဒီကနေ့ မွန်းလွဲ ၁ နာရီခွဲ ဝန်းကျင်က ရန်ကုန်မြို့ လူစည်ကားရာ သိမ်ကြီးဈေးအနားမှာ တစ်ကိုယ်တော် ဆန္ဒပြမှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်"ဟူ၍ သတင်းတစ်ပုဒ် ထုတ်လွှင့်သွားသည်။

RFA က ဆန္ဒပြသူ ဦးအုန်းသန်းသည် နိုင်ငံရေးလှုပ်ရှားမှုကြောင့် မကြာခဏ ထောင်အကြိမ်ကြိမ် ကျဖူးသူလည်းဖြစ်သည်ဟု ဆိုသည်။ ထိုအမည်ကို ကြားလိုက်ရသည်နှင့် ထင်ကျော်တို့အဖွဲ့နှင့်အတူ ဖေဖော်ဝါရီလ ၂၂ ရက်က သိမ်ကြီးဈေးအနားတွင်ပင် ဆန္ဒပြလှုံ့ဆော်ရာ၌ပါဝင်ခဲ့သူ ထောင်ထွက်အုန်းသန်း ဆိုသူမှန်း သိလိုက်ပါသည်။

ဖတ်ရှုကြားသိခဲ့သော ယခင်သတင်းများအရ အုန်းသန်းဆိုသူသည် ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့ UNDP ရုံးရှေ့တွင် ဆန္ဒပြလှုံ့ဆော်မှုဖြင့် ထောင်ကျဖူးသူဖြစ်ကြောင်း၊ NLD ရုံးချုပ်တွင်ကျင်းပသည့် အခမ်းအနားတိုင်းလိုလို၌ ဆန္ဒပြလှုံ့ဆော်မှု ပြုခဲ့သူဖြစ်ကြောင်း၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စု၏ Campaign အမျိုးမျိုးတွင် ဟိုစပ်စပ်ဒီစပ်စပ် ပါဝင်လှုပ်ရှားနေသူဖြစ်ကြောင်းလည်း သိနှင့်လိုက်ပြီးဖြစ်သည်။

ဧပြီလ ၂၇ ရက်နေ့ထုတ် သတင်းစာများတွင် အုန်းသန်းနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝေဖန်သုံးသပ်ချက်သတင်း ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရပါသည်။ အဆိုပါ သတင်းဝေဖန်သုံးသပ်ချက်နှင့် စပ်လျဉ်းပြီး မိတ်ဆွေများနှင့် ဤသို့ စကားဝိုင်းဖွဲ့ဖြစ်ခဲ့ကြပြန်သည်။

"အုန်းသန်းတို့၊ ထင်ကျော်တို့လူစုရဲ့ တစ်ကိုယ်တော် ထင်ပေါ်ကျော်ကြားလိုမှု၊ နိုင်ငံရေး လေ့ကြံ့စီးမှု၊ ပြည်ပမှချီးမြှောက်မယ့် ဘွဲ့တံဆိပ်ဆုလာဘ်ရရှိလိုမှုဇောတွေနဲ့ ဆင်ခြင်တုံတရား ကင်းမဲ့စွာ ပြုလုပ်လာတဲ့ ဆန္ဒပြလှုံ့ဆော်မှုတွေဟာ နိုင်ငံရေးလုပ်စားမှုဖက်ရှင် ဖြစ်လာနေတယ်ဆိုတဲ့ ဝေဖန်သုံးသပ်ချက်ကိုတော့ အကြိုက်ဆုံးပဲ"

"ဟုတ်တယ်ဗျ။ ဒါဟာ ဒီကနေ့ မြန်မာနိုင်ငံမှာ ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ အတွင်းလိုက်စားနေတဲ့ နိုင်ငံရေးဖက်ရှင်တစ်ခုလို ဖြစ်လာနေတာအမှန်ပဲ"

"မော်ဒယ်တွေ ဖက်ရှင်ရှိုးပြသလို နိုင်ငံရေးသရုပ်ပျက်သမားတွေ ဝင်လုပ်နေကြတာ အော်ဂလီဆန်စရာပါဗျာ"

"မြန်မာ့နိုင်ငံရေးမှာ သရုပ်ပျက်နိုင်ငံရေးဖက်ရှင်တွေ ခုလိုဝင်လာနေတာ တစ်ခုခုတော့ ထူးဆန်းနေတယ်လို့ ထင်ရတယ်"

"ဘာမှ မထူးဆန်းဘူးဗျို့။ ရန်ကုန်မြို့ရဲ့ ဟိုစင်တာ၊ ဒီစင်တာ ဆိုတာတွေမှာ ဖွင့်လှစ်ပို့ချပေးနေတဲ့ သင်တန်းအမျိုးမျိုးထဲက ဂျင်းရှပ်ရဲ့ နည်းနာနိဿယတွေကို လက်တွေ့ကျင့်သုံးနေကြတာဗျ"

"ဟုတ်လား။ ဂျင်းရှပ်ရဲ့ နည်းနာနိဿယဆိုတာ ပြည်ပြေး အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို ဟိုးအရင်နှစ်တွေက နယ်စပ်မှာ ပြည်ပဆရာကြီးတွေ လာရောက်ပို့ချပေးခဲ့ဖူးတဲ့ နည်းတွေပဲ မဟုတ်လား"

"ဟိုအရင်က နယ်စပ်မှာ ပို့ချခဲ့တာလဲအမှန်ပဲ။ အဲ့ဒီ ပို့ချချက်တွေအတိုင်း ပြည်တွင်းကို ဝင်ရောက်ပြီး ဖောက်ခွဲဖျက်ဆီးမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြတာ အားလုံးမှတ်မိကြမယ်ထင်တယ်"

"ဘယ်မမှတ်မိ ရှိပါ့မလဲဗျာ။ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်အတွင်း ဖောက်ခွဲမှုကနေ ရန်ကုန်မြို့ လူစည်ကားရာသုံးနေရာ ဖောက်ခွဲဖျက်ဆီးမှုအထိ အကြမ်းဖက်ခဲ့ကြတာ၊ ရက်စက်ကြမ်းကြုတ်ခဲ့ကြတာတွေကို ပြည်သူတွေက ဘယ်မေ့နိုင်ကြမှာလဲ"

"အဖြေက အဲဒါပဲ။ **အကြမ်းဖက်ရက်စက်ကြမ်းကြုတ်မှု ဟူသမျှကို ပြည်သူလူထုက နာကျည်းခံပြင်းနေကြတာမို့ ဒီမောင်တွေ ခဏဒိုင်လျှိုနေကြတာ၊ ကြားကာလမှာ အခုလို ငြိမ်းချမ်းစွာဆန္ဒပြမှု အသွင်ဆောင်ပြီး အဲဒီစင်တာက ပြည်တွင်းမှာသွတ်သွင်းပေးနေတဲ့ ဂျင်းရှပ်ရဲ့ အခြားသော ဖျက်လိုဖျက်ဆီး နည်းပရိယာယ်တွေကို လက်တွေ့အသုံးချနေကြတာဗျ"**

စာဖတ်သူတစ်ဦး

"သဘောပေါက်ပြီဗျို့။ ဟိုတစ်နေ့က စကားဝိုင်းမှာ ဆွေးနွေးသုံးသပ်ခဲ့ကြတဲ့အတိုင်း ပြည်ပက ဖိအားပေးမှုနဲ့ ပြည်ပြေးတွေရဲ့ အကြမ်းဖက်လုပ်ရပ် မအောင်မြင်လို့ ပြည်တွင်းက ယူဂျီတွေရဲ့ ဆန္ဒပြလှုံ့ဆော်မှုနဲ့ သွေးတိုးစမ်းလာတာ မဟုတ်လား"

"အေးဗျာ။ **အခုလိုပြည်ပဆရာကြီးတွေ တီးပေးတဲ့ဆိုင်းချက်အတိုင်း ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ လိုက်ပါကပြ အသုံးတော်ခံနေကြတာဟာ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့ကြတဲ့ မြန်မာ့နိုင်ငံရေးသမားကြီးတွေရဲ့ အစဉ်အလာကောင်းကို ချိုးဖဲ့ဖျက်ဆီးခြင်းခံနေရတာဖြစ်လို့ စိတ်ပျက်ဖို့ ကောင်းသလို ဝမ်းနည်းဖို့လဲ ကောင်းလှတယ်"**

"ဝမ်းနည်းဖို့ကောင်းတယ်ဆိုလို့ ဒီ့ထက် ဝမ်းနည်းစရာကောင်းတာတွေ ရှိနေသေးတာကို သတိပြုမိကြဖို့ ဆွေးနွေးချင်တယ်ဗျာ"

"ဟာ- ခင်ဗျားဟာကလဲ မထိတ်သာ မလန့်သာပါလား။ ဆိုစမ်းပါဦး"

"အဲဒါကတော့ ကျွန်တော်တို့ ခင်ဗျားတို့ မြန်မာတိုင်းရင်းသားတွေရဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် လုံးပါးပါးပြီး မကြာခင်ပျောက်ကွယ်ရတော့မယ့် အရေးပဲဖြစ်တယ်"

"ဒါဆိုရင်တော့ တကယ့်ကို အရေးကြီးတဲ့ ကိစ္စပဲဖြစ်တယ်။ **နိုင်ငံရေးဆိုတာမှာ ပါတီစုံဒီမိုကရေစီ စနစ်ကို ကျင့်သုံးတော့မှာဖြစ်လို့ ပြည်သူတွေက မိမိတို့မကြိုက်နှစ်သက်တဲ့ ပါတီတွေ၊ နိုင်ငံရေးသမားတွေကို မဲမပေးလို့ရတယ်။ စိစစ်ရွေးချယ်လို့ရသေးတယ်။ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်း ဆိုတာက နှစ်ပရိစ္ဆေဒကြာမြင့်စွာ ထိန်းသိမ်းစောင့်ရှောက်ဆောက်တည်လာခဲ့ရတဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဗျ။ အခြားရွေးချယ်လို့ မရနိုင်ဘူး"**

"မှန်တာပေါ့ဗျာ။ **မြန်မာနိုင်ငံဟာ ကျွန်သက်ရှည်စွာ အုပ်ချုပ်လိုတဲ့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ နှစ်ပေါင်း ၁၀၀ ကျော် သွေးခွဲအုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ အမျိုးသားရေး စရိုက်လက္ခဏာတွေ သေးသိမ်လျော့ကျပျက်ပြားအောင် ဇာတ်သွင်းအုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ ဒါပေမယ့် မျိုးချစ်ပြည်သူတွေက သွေးမကွဲခဲ့ကြဘူး။ အမျိုးဂုဏ် ဇာတိဂုဏ် အပျက်မခံခဲ့ကြဘူး"**

"ဟုတ်တယ်လေဗျာ။ **ဒါကြောင့်မို့ မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအမွေအနှစ် ထွန်းကားကြွယ်ဝတဲ့ နိုင်ငံ၊ မြန်မာလူမျိုးတွေဟာ အမျိုးသားရေးစရိုက်လက္ခဏာ ထိန်းသိမ်းစောင့်ရှောက်ရာမှာ အားကောင်းမောင်းသန်တဲ့ လူမျိုးအဖြစ် ကနေ့ထက်တိုင် ဂုဏ်သတင်းပျံ့သင်းနေတာ မဟုတ်လား"**

"ဒါပေမယ့် နှစ်ပေါင်း ၁၀၀ကျော် ကိုလိုနီနယ်ချဲ့တွေ ချိုးဖဲ့ဖျက်ဆီးတာခံခဲ့ရပေမယ့် မပျက်စီးမဆုံးရှုံးအောင် ကြံ့ကြံ့ခံလာနိုင်ခဲ့တဲ့ အမျိုးသားရေးစရိုက်လက္ခဏာကောင်းတစ်ရပ်ဟာ မျက်မှောက်ခေတ် ၁၀ နှစ်တာကာလအတွင်း ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ တစ်ဖက်လှည့်နဲ့ ချိုးဖဲ့ဖျက်ဆီးတာကို လူမသိသူမသိခံနေရရင်း လုံးပါးပါးတော့မှာ အမှန်ပဲဗျ"

"အဲဒီလိုအဖြစ်မျိုးကို ပြည်သူလူထုက လုံးဝလက်ခံမှာ မဟုတ်ဘူး။ လူမသိသူမသိ ဖြစ်နေတယ်ဆိုရင်လဲ ခင်ဗျားတို့၊ ကျွန်တော်တို့က နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် အချိန်မီ နှိုးဆော်တိုက်တွန်းကြရမယ် မဟုတ်လား"

"ဒီလိုဗျ။ ဒီနေ့ မြန်မာနိုင်ငံအပေါ် ပြည်တွင်းပြည်ပ အဖျက်သမားတွေ မဟုတ်မမှန်လုပ်ကြံ စွပ်စွဲနေတဲ့ အကြောင်းပြ စွပ်စွဲချက်အမျိုးမျိုးထဲမှာ အဓမ္မလုပ်အားပေးခိုင်းစေမှု(Forced Labour)ဆိုတာ ပါနေတယ် မဟုတ်လား"

"အဲဒါက ၁၉၉၁ ခုနှစ်လောက်ကတည်းက ပြည်ပြေးစိန်ဝင်းနဲ့ ဝရမ်းပြေး ပြည်သစ်ညွန့်ဝေတို့ ပြည်ပဆရာကြီးတွေနဲ့ပူးပေါင်းကြံစည် စွပ်စွဲခဲ့တဲ့ လုပ်ကြံမှုပဲလေဗျာ။ ဘာများထူးဆန်းလို့လဲ"

"ဟုတ်တယ်လေ။ **နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူဖို့ ကြံစည်ကြိုးပမ်းရင်း မထူးဇာတ်ခင်းပြီး ပြည်ပြေးဖြစ်သွားတဲ့ စိန်ဝင်းနဲ့ ဝရမ်းပြေးဖြစ်လာတဲ့ ပြည်သစ်ညွန့်ဝေတို့က မြန်မာနိုင်ငံအပေါ် ဆန့်ကျင်တိုက်ခိုက်ရာမှာ အလုပ်သမားရေးရာ ဗန်းပြနိုင်ဖို့အတွက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB)ဆိုတာကို ဖွဲ့ပြီး မဟုတ်မမှန် လုပ်ကြံတိုက်ကွက်ဆင်နေတာ လူတိုင်းအသိပဲဥစ္စာ"**

"အဲ့ဒီပြည်သစ်ညွန့်ဝေရဲ့ နှစ်ယောက်တစ်ပိုင်းလောက်နဲ့ FTUB ဖွဲ့ဖြစ်အောင် ဗန်ကောက်မှာ ရုံးစိုက်ထားတဲ့ Asian-American Free Labour Institute က အမေရိကန်နိုင်ငံသား John Osolink Jr. ဆိုတဲ့ငနဲက လုပ်ပေးခဲ့တယ်လေ"

"FTUB ဟာ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေကိုကိုယ်စားပြုပြီး ဖွဲ့စည်းထားတာမဟုတ်လို့ ပြည်တွင်းမှာ မတွင်ကျယ်ခဲ့ပေမယ့် အဲ့ဒီ

စာမျက်နှာ ၅ ကော်လံ ၁ သို့

■ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူဖို့ ကြံစည်ကြိုးပမ်းရင်း မထူးဇာတ်ခင်းပြီး ပြည်ပြေးဖြစ်သွားတဲ့ စိန်ဝင်းနဲ့ ဝရမ်းပြေးဖြစ်လာတဲ့ ပြည်သစ်ညွန့်ဝေတို့က မြန်မာနိုင်ငံအပေါ် ဆန့်ကျင်တိုက်ခိုက်ရာမှာ အလုပ်သမားရေးရာဗန်းပြနိုင်ဖို့အတွက် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(FTUB)ဆိုတာကိုဖွဲ့ပြီး မဟုတ်မမှန်လုပ်ကြံတိုက်ကွက်ဆင်နေတာ လူတိုင်းအသိပဲဥစ္စာ။

■ ပြည်သူလူထုက ဆေးဖော်ကြောဖက်မလုပ်ပေမယ့် ပြည်ပဆရာကြီးရဲ့ လက်ပါးစေလက်ဝေခံ ပုဆိန်ရိုးတွေက စိန်ဝင်းတို့၊ ညွန့်ဝေတို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားတွေဗျ။ FTUB ကနေ ICFTU ၊ ICFTU ကနေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)ဆီ ပေးပို့နေတဲ့ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေးခိုင်းစေမှု (Forced Labour)တွေ ပြုနေတယ်ဆိုတဲ့ တိုင်ကြားချက်တွေဟာ ပြည်တွင်းက ပုဆိန်ရိုးတွေ လုပ်ကြံပေးပို့နေတဲ့ တိုင်ကြားချက်တွေချည်းပဲ။

ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်လိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့ရဲ့ နိုင်ငံတကာစံနှုန်းတွေနဲ့ အရာရာကိုတိုင်းတာနေတဲ့အချိန်မှာ ကျွန်တော်တို့ကလဲ ကိုယ့်တာကိုကိုယ်လုံအောင် ထိန်းကြရမှာဖြစ်တယ်။ သက်ဆိုင်ရာကလဲ အဓမ္မအလုပ်ခိုင်းစေခြင်း သဘောသက်ရောက်တဲ့ လုပ်ရပ်တွေကို မပြုလုပ်ကြဖို့ ၁၉၉၉ခုနှစ်ကတည်းက ညွှန်ကြားချက်တွေ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန် အသိပေးထားပြီးဖြစ်တယ်။ လိုက်နာဆောင်ရွက်ဖို့လဲ ကွပ်ကဲကြပ်မတ်ပေးနေတယ်။ ရပ်ရွာ တာဝန်ရှိသူတွေအနေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာ အေးချမ်းသာယာဖွံ့ ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြန်မာ့ရိုးရာအစဉ်အလာမပျက် ဆက်လက်ဆောင်ရွက်သွားသင့်ကြပါတယ်။

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

FTUB ကို အားပေးအားမြှောက်လုပ်ပေးနေတာက ပြည်ပ ဆရာကြီးရဲ့ လက်ဝေခံ အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ် (ICFTU)ဖြစ်နေတယ်လေဗျာ။ ဒါကြောင့်မို့ ပြည်ပ ဆရာကြီးရဲ့ဝိတ်နဲ့ နိုင်ငံတကာမှာ လူတွင်ကျယ် လုပ်လာနိုင်ခဲ့တယ်ဆိုပဲ"

"နိုင်ငံတကာက နှံ့နှံ့စပ်စပ်မသိတဲ့လူတွေရှေ့မှာသာ လူတွင်ကျယ်လုပ်နိုင်ကောင်း လုပ်နိုင်မှာပေါ့။ ပြည်သူလူထုကတော့ ပြည်ပြေး စိန်ဝင်းရဲ့ (NCGUB) နဲ့ ဝရမ်းပြေးညွှန့်ဝေတို့ရဲ့ (FTUB) ဟာ ပြည်တွင်းဖောက်ခွဲဖျက်ဆီးမှုအမျိုးမျိုးကို ကြိုးကိုင်လုပ်ဆောင်နေသူတွေဖြစ်မှန်းသိလို့ ဆေးဖော်ကြောဖက်တောင် မလုပ်ကြပါဘူးဗျာ"

"ပြည်သူလူထုက ဆေးဖော်ကြောဖက်မလုပ်ပေမယ့် ပြည်ပ ဆရာကြီးရဲ့ လက်ပါးစေလက်ဝေခံ ပုဆိန်ရိုးတွေက စိန်ဝင်းတို့၊ ညွှန့်ဝေတို့နဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းသမားတွေဗျ။ FTUB ကနေ ICFTU၊ ICFTU ကနေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)ဆီ ပေးပို့နေတဲ့ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေးခိုင်းစေမှု(Forced Labour)တွေ ပြုနေတယ်ဆိုတဲ့ တိုင်ကြားချက်တွေဟာ ပြည်တွင်းက ပုဆိန်ရိုးတွေလုပ်ကြံပေးပို့နေတဲ့ တိုင်ကြားချက်တွေချည်းပဲ"

"သဘောပေါက်ပြီဗျို့။ ILO က မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေး ခိုင်းစေမှုတွေ ရှိနေတယ်ဆိုပြီး အပြည်ပြည်ဆိုင်ရာတရားရုံးအထိတင်ဖို့လုပ်လာတာ၊ ဖိအားအမျိုးမျိုးပေးနေတာတွေကို သတင်းစာ ရှင်းလင်းပွဲတွေမှာ အကြိမ်ကြိမ်အထပ်ထပ် ရှင်းပြခဲ့တာပဲ"

"ဟုတ်တယ်လေဗျာ။ အဲ့ဒီ ရှင်းလင်းပြောကြားချက်တွေထဲမှာ ILO ရဲ့ တောင်းဆိုချက်တွေကို မြန်မာနိုင်ငံဘက်က အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးခဲ့ကြောင်း အကြိမ်ကြိမ် ရှင်းပြခဲ့လို့ တချို့ ပြည်သူတွေဆိုရင် နာကျည်းခံပြင်းပြီး ILO အဖွဲ့ကနေ နုတ်ထွက်လိုက်ဖို့အထိတောင် ဆန္ဒပြင်းပြခဲ့ကြတယ်လေ"

"၁၉၉၉ ခုနှစ် ဇွန်လမှာ ကျင်းပခဲ့တဲ့ (၈၇)ကြိမ်မြောက် ILO ညီလာခံကို အမေရိကန်သမ္မတ ကလင်တန် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့တယ်ဆိုတာလဲ မှတ်မိနေသေးတယ်။ အဲဒီမှာ အမေရိကန်သမ္မတဆိုတဲ့ပုဂ္ဂိုလ်က အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာနဲ့မသက်ဆိုင်တဲ့စကားတွေကိုတောင် ပြောင်ပြောင်တင်းတင်း ပြောကြားသွားတယ်။ အဲဒါကတော့ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုကို အရှိန်မြှင့်ပြီး လုပ်ဆောင်သွားမယ်လို့ လူသိရှင်ကြားဇော်ကားမော်ကားပြောသွားတာပဲ"

"ILO ရဲ့ နောက်ထပ် ညီလာခံတစ်ခုမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေးအရေးယူနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။ အဲဒီမှာ ILO ညွှန်ကြားရေးမှူးချုပ်ဆိုသူက မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နေအိမ်မှာ ကန့်သတ်တားမြစ်ထားခြင်းခံနေတဲ့ ဒေါ်စုကြည်လွတ်မြောက်ရေး ဆိုတာတွေကိုတောင် စည်းကျော် ဘောင်ကျော်ပြီး ပြောလာခဲ့သေးတယ်"

"သူတို့နဲ့ဘာဆိုင်လို့လဲ။ **ILO ဆိုတာ အလုပ်သမားရေးရာကိစ္စတွေကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရတဲ့ အဖွဲ့ပဲ။ အခုလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာတာကတော့ ဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်ပဲဗျ"**

"ဒါနဲ့နေပါဦးဗျာ။ ဟိုတလောကပဲ ဂျာနယ်တွေမှာ ILO နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီမှုရရှိလိုက်တဲ့အကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ပြုနေပြီဖြစ်ကြောင်း၊ အဓမ္မ အလုပ်ခိုင်းစေမှုတွေရှိရင် ILO ဆက်သွယ်ရေးအရာရှိကတစ်ဆင့် တိုင်ကြားနိုင်ကြောင်း သတင်းတွေ ဖတ်လိုက်ရသေးတယ်"

"ဒီကနေ့ကာလမှာ Good Governance ဖြစ်ရေးအတွက် ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုတွေ ကြိုတင်လုပ်ဆောင်နေသလို မမှန် မကန်လုပ်တဲ့၊ မသမာမှုပြုတဲ့ ဝန်ထမ်းတွေရှိရင် တိုင်ကြားနိုင်တယ်ဆိုပြီး ဝန်ကြီးဌာနတွေကလဲ သတင်းတွေထုတ်ပြန် အသိပေးနေတယ်လေ။ မှန်ကန်စွာတိုင်ကြားမှုပြုလာတဲ့အပေါ်မှာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီး အရေးယူအပြစ်ပေးသင့်တဲ့ ဝန်ထမ်းအချို့ကို အရေးယူအပြစ်ပေးနေကြောင်းလဲ သတင်းတွေထုတ်ပြန်ပေးနေတာ အားလုံး သိနေကြပါတယ်"

"အဲဒီလိုတိုင်ကြားကြရာမှာ မှန်မှန်ကန်ကန် တိုင်ကြားမှုတွေရှိသလို ပုဂ္ဂိုလ်ရေးအာဃာတတွေနဲ့ တိုင်ကြားမှုတွေလဲ ရှိလာနိုင်တာဓမ္မတာပါပဲ။ ပုဂ္ဂိုလ်ရေးအာဃာတနဲ့ တိုင်ကြားမှုမပြုသင့်ကြောင်းလဲ ပြည်သူတွေက သိထားကြပါတယ်။ အခုခက်နေတာက အဓမ္မအလုပ်ခိုင်းစေမှုနဲ့ ဆက်စပ်ပြီး နိုင်ငံရေးပယောဂပူးကပ် တိုင်ကြားနေကြလို့ပဲဖြစ်တယ်"

"ခင်ဗျားပြောမှ ပြန်အမှတ်ရမိတယ်။ ဟိုတစ်နေ့က ကျွန်တော်တို့ စကားဝိုင်းမှာ ဆွေးနွေးခဲ့ကြတယ်မဟုတ်လား။ FTUB ပြည်သစ် ညွှန့်ဝေနဲ့ NDD သိန်းဝင်းတို့အဖွဲ့က ပြည်တွင်းမှာဆန္ဒပြလှုံ့ဆော်ဖို့ ငွေပုံပေးပြီး ခိုင်းစေနေတယ်။ ဂြိုဟ်တုဖုန်းတွေပေးပြီး အဆက်အသွယ်လုပ်နေတယ်လို့ သက်သေခံ အထောက်အထားနဲ့တကွ ဖမ်းဆီးရမိတဲ့ ကာယကံရှင် တွေကိုယ်တိုင် ဝန်ခံပြောကြားခဲ့တယ်ဆိုတာလေ။ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ပုသိမ်ဘက်က ဦးအောင်မိုးဆိုသူဟာ Forced Labour အပါအဝင် မဟုတ်မမှန် လုပ်ကြံတိုင်တန်းမှုမျိုးစုံကို ဒိုင်ခံ ရေးသား တိုင်ကြားပေးပို့ခဲ့တယ်ဆိုတဲ့အကြောင်း ရှင်းလင်းပြောကြားသွားခဲ့တယ်မဟုတ်လား"

"ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ငွေကြေးထောက်ပံ့ကြိုးကိုင်မှုကို ခံယူလုပ်ဆောင်နေတဲ့ ဦးအောင်မိုးလို လူစားတွေ မြန်မာနိုင်ငံအတွင်းမှာ ယူဂျီတွေအဖြစ် ပုန်းလျှိုးကွယ်လျှိုးနဲ့ ရှိနေကြတုန်းပဲဖြစ်တယ်။ ဟိုတလောက ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာကိုသွားပြီး လူ့အခွင့်အရေးကိစ္စ ဗန်းပြလှုပ်ရှားခဲ့တဲ့ မြင့်အေးတို့ လူသိုက်ရဲ့ လုပ်ရပ်ကို ကြည့်ပါလား"

"ဟုတ်တယ်ဗျို့။ **အုတ်ပုံကျေးရွာသားတွေအနေနဲ့ သူတို့ရဲ့ရပ်ရေးရွာရေး သာသနာရေးကိစ္စတွေမှာ အမှားအမှန် အကောင်းအဆိုး အကျိုးအပြစ်ကို သူတို့ကိုယ်တိုင် အသိဆုံးပဲဖြစ်တယ်။ အချို့ကိစ္စတွေမှာ ရပ်ဓလေ့ရွာဓလေ့အတိုင်း ရပ်မိရပ်ဖတွေရဲ့ ဆိုဆုံးမ သြဝါဒနဲ့အညီ လိုက်နာဆောင်ရွက်ကြစမြဲ ဖြစ်တယ်။ အုပ်ချုပ်ရေးနဲ့ ဥပဒေရေးရာ လမ်းကြောင်းအတိုင်း လုပ်ဆောင်သင့်တဲ့ကိစ္စမျိုး ဖြစ်လာရင်လဲ သက်ဆိုင်ရာ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်နဲ့ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖြေရှင်းရင် မဖြေရှင်းနိုင်စရာအကြောင်း လုံးဝမရှိပါဘူး"**

"အဲဒီလိုအရေးကိစ္စတွေမှာ မမှန်မကန်မှုတွေ ပြုလာတယ်ဆိုရင်လဲ သက်ဆိုင်ရာက ဖွင့်ပေးထားတဲ့ လမ်းကြောင်းတွေအတိုင်း တရားဝင်တိုင်ကြားနိုင်တယ်လေ။ ဘယ်သူကမှ အဲဒီလမ်းကြောင်းတွေကို ပိတ်ဆို့ဟန့်တားလို့ မရနိုင်ပါဘူး။ အခု မြင့်အေးတို့ရဲ့လုပ်ရပ်က ဟသ်ာတမြို့နယ်အတွင်းကကိစ္စကို ရန်ကုန်က ဘာမှမသက်ဆိုင်တဲ့ လူတစ်စုက သွားရောက်စွက်ဖက် သပ်လျှိုသွေးခွဲတဲ့ လုပ်ရပ်ဗျ"

"အခု ခင်ဗျားတို့ ဆွေးနွေးကြတဲ့ ရပ်ဓလေ့ ရွာဓလေ့ဆိုတာ မြန်မာ့ဓလေ့ပဲဗျ။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင်၊ အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့မထွင်းရအောင် ကျွန်တော်တို့ မြန်မာတွေ ရှေးပဝေသဏီ အစဉ်အဆက်ကတည်းက ပူးပေါင်းဆောင်ရွက်လာခဲ့ကြတယ်မဟုတ်လား"

"မှန်တာပေါ့ဗျာ။ အဲဒီ ရပ်ဓလေ့ရွာဓလေ့ မြန်မာ့ဓလေ့ထဲမှာ ရပ်ရွာရဲ့ သာရေးနာရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေမှာ ဗျို့...လို့ ဟစ်လိုက်တာနဲ့ တစ်အိမ်တစ်ယောက် အရွယ်ရောက်သူ ဟူသမျှ ကာလသား ကာလသမီးတွေ၊ လူကြီးမိဘတွေ တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အား သူ့တာကိုယ့်တာ မခွဲခြားဘဲ ဝိုင်းဝန်းကူညီ လုပ်ဆောင်လေ့ ရှိခဲ့ကြတယ်မဟုတ်လား"

"ဟုတ်တယ်ဗျို့။ ကျွန်တော်လဲ ကျေးလက်မှာ ကြီးပြင်းခဲ့တဲ့သူပါဗျာ။ ရွာထဲမှာ အိမ်တစ်အိမ် ဆောက်မလား၊ ပြုပြင်မလား။ နှီးဝါးတတ်နိုင်တဲ့သူက နှီးဝါး၊ သက်ကယ်ဓနိ တတ်နိုင်တဲ့သူက သက်ကယ် ဓနိ၊ လုပ်အားတတ်နိုင်တဲ့သူက လုပ်အား၊ တပျော်တပါး ဝိုင်းဖွဲ့ လုပ်ဆောင်ကြတာပါပဲ။ ခရီးလွန်နေလို့ မသိလိုက် မပါဝင်လိုက်နိုင်တဲ့သူတွေကလဲ သိတဲ့အချိန်မှာ အားနာစကားပြောကြားပြီး နှုတ်၏ စောင်မခြင်းနဲ့ ကူညီစောင့်ရှောက်လေ့ ရှိနေတာပဲ"

"အဲဒါက FTUB မောင်မောင်တို့၊ NDD သိန်းဝင်းတို့၊ မြင့်အေးတို့၊ ဦးအောင်မိုးတို့လို လူစားတွေ တစ်စခန်းမထခင်က အခြေအနေမျိုးပဲဖြစ်မယ်ဗျို့။ အခုနေ ခင်ဗျားတို့ရပ်ရွာမှာ ကိုယ့်အားကိုယ်ကိုး လမ်းဖောက်ဖို့၊ ကိုယ့်အားကိုယ်ကိုး တံတားဆောက်ဖို့ ဗျို့...ဟစ်ကြည့်ပါလား။ နောက်နေ့မှာ ILO ဆက်သွယ်ရေးအရာရှိဆီ အဓမ္မလုပ်အားပေးခိုင်းစေနေတယ်ဆိုတဲ့ တိုင်စာရောက်သွားပြီသာမှတ်"

"ဟာ...ဒီလောက်တောင် ဖြစ်နေပြီလား။ ကိုယ့်ရပ်ကိုယ့်ရွာက လမ်းကောင်းသွားရင် အဲဒီ ရွာသူရွာသားတွေပဲ ခလုတ်ကန်သင်းကင်းကင်း ချောချောမွေ့မွေ့နဲ့ လျှောက်လှမ်းရမှာ မဟုတ်လား။ အဲ့ဒီ တံတားဆောက်ပြီးရင် ချောင်းတွေ၊ မြောင်းတွေကို အဲ့ဒီဒေသသူ၊ ဒေသသားတွေပဲ အလွယ်တကူ ကျော်ဖြတ်နိုင်ကြမှာမဟုတ်လား"

"ဒါတော့ ဒါပေါ့ဗျာ။ **ဒါပေမယ့် အခုအခြေအနေက ဘယ်သူကမျှ ကြီးမှူးပြီး၊ ကမကထ ပြုပြီး လုပ်ဆောင်ရဲတဲ့အခြေအနေ မဟုတ်တော့ဘူး။ ရပ်ထဲရွာထဲမှာ ပြည်ပဆရာကြီးတွေနဲ့ ပြည်ပြေးအဖျက်သမားတွေ၊ ပြည်တွင်းဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ၊ လက်သပ်မွေးထားတဲ့ စုန်းပြူးတွေ ရှိနေတယ်လေ။ ဒါ့ကြောင့် ကိုယ့်ရပ်ကိုယ့်ရွာအတိုင်းအတာနဲ့ ပေါ့ပေါ့ပါးပါး စုပေါင်းလုပ်ဆောင် ပြီးမြောက်နိုင်တဲ့ ကိစ္စမျိုးတွေကိုတောင် လက်ရှောင်နေကြရတယ်၊ လက်ပိုက်ကြည့်နေကြရတယ်"**

"ဟာ...ဒါဟာ ကျွန်တော်တို့ ခင်ဗျားတို့ မြန်မာတိုင်းရင်းသားတွေရဲ့ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ တစ်ယောက်တစ်လက် တစ်တပ်တစ်အား လုပ်အားပေးလှူ ကုသိုလ်ယူတဲ့ အမျိုးသားရေးလက္ခဏာအစဉ်အလာကောင်းတစ်ရပ် အစီအစဉ်ရှိရှိနဲ့ ဖျက်လိုဖျက်ဆီး အလုပ်ခံနေရတာပဲ။ နိုင်ငံရေး ပယောဂက လူမှုရေးကိစ္စတွေကိုတောင် လာရောက်ထိပါးနှောင့်ယှက်နေပါကလား"

"ဟုတ်တယ်ဗျို့။ ဒီအရေးမှာ ကျွန်တော်တို့ သွေးအေးနေဖို့ မသင့်ကြတော့ဘူး။ ပြည်ပ ဆရာကြီးတွေက လူတွေသည်းခြေကြိုက် ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ ပျားရည်နဲ့ဝမ်းချနေတာကို အောင့်ခံနေကြရတော့မှာလား။ နိုင်ငံရေးတိမ်သလ္လာဖုံးပြီး ညီအစ်ကို မသိတသိဖြစ်အောင်၊ မိသားစုစိတ်ဓာတ် ပျက်ပြားအောင်၊ တစ်ဦးအပေါ်တစ်ဦး သံသယဝင် အထင်လွဲမှားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတာကို ငုံ့ခံနေကြရမှာလား"

"ဘယ်ငုံ့ခံနေလို့ ဖြစ်မှာလဲ။ **ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်လိုတဲ့ရည်ရွယ်ချက်နဲ့ သူတို့ရဲ့ နိုင်ငံတကာစံနှုန်းတွေနဲ့ အရာရာကိုတိုင်းတာနေတဲ့အချိန်မှာ ကျွန်တော်တို့ကလဲ ကိုယ့်တာကိုကိုယ်လုံအောင်ထိန်းကြရမှာဖြစ်တယ်။ သက်ဆိုင်ရာကလဲ အဓမ္မအလုပ်ခိုင်းစေခြင်း သဘောသက်ရောက်တဲ့ လုပ်ရပ်တွေကို မပြုလုပ်ကြဖို့ ၁၉၉၉ခုနှစ်ကတည်းက ညွှန်ကြားချက်တွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးထားပြီးဖြစ်တယ်။ လိုက်နာဆောင်ရွက်ဖို့လဲ ကွပ်ကဲကြပ်မတ်ပေးနေတယ်။ ရပ်ရွာတာဝန်ရှိသူတွေအနေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြန်မာ့ရိုးရာအစဉ်အလာမပျက် ဆက်လက် ဆောင်ရွက်သွားသင့်ကြပါတယ်။ အဲဒီလို မိမိဘက်က ဖြောင့်မတ်မှန်ကန်စွာ အများဆန္ဒနဲ့အညီ ပြုလုပ်ဆောင်ရွက်မှုအပေါ် တစ်ရွာနဲ့တစ်ယောက် ဆန့်ကျင်သမှုပြုလာတယ်ဆိုရင်လဲ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ သွန်သင်ဆုံးမ ဖယ်ရှားသွားသင့်ကြပါတယ်"**

"မှန်တယ်ဗျို့။ **တစ်ရွာနဲ့တစ်ယောက် ဖြစ်လာရင်လဲ အဲ့ဒီတစ်ယောက်နောက်မှာ ကျောထောက်နောက်ခံပြုနေတဲ့ အနောက်ဆရာကြီးရဲ့ ပယောဂကြောင့် မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် လုံးပါးပါးမသွားရအောင် နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးအမြင်တွေနဲ့ စုပေါင်းခေါင်းဆောင် စုပေါင်းတာဝန်ယူ စုပေါင်းဆောင်ရွက်သွားကြဖို့ အချိန်တန်နေပြီလို့ ဆိုလိုက်ချင်ပါတယ်"။** ။

မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၈

၂၀၀၇ ခုနှစ် မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ၇ရက် ညနေ ၄ နာရီက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှု အားပေးသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် ဗိုလ်လုပွဲအဖြစ် မန္တလေးခရိုင်(ခ)အသင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ**(အောက်ပုံ)** ပြိုင်ပွဲတွင် မန္တလေးခရိုင်(ခ) အသင်းက မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲကျင်းပ

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ အဖွဲ့ဝင်ဒေါ်ကြေးမုံဦးက ဒုတိယရရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းအားလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိလေးက ပထမရရှိသော မန္တလေးခရိုင်(ခ)အသင်းအားလည်းကောင်း တစ်ဦးချင်း ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကအဖွဲ့ဝင်မြို့တော်ဝန်၏ဇနီးဒေါ်မိုးသီတာက ဂိုးသမားအကောင်းဆုံးဆု ရရှိသော မန္တလေးခရိုင်(ခ)အသင်းမှ မြဖူးငုံ၊ နောက်တန်းအကောင်းဆုံးဆုရရှိသော မန္တလေးခရိုင်(ခ)အသင်းမှ ခင်မျိုးဝင်း၊အလယ်တန်းအကောင်းဆုံးဆုရရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းမှ ခိုင်ရွှေဝါ၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းမှ ယဉ်မိုးအေး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသော မန္တလေးခရိုင်(ခ)အသင်းမှ ခင်မာလာထွန်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်တစ်သောင်းစီ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်းက ဒုတိယရရှိသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအသင်းအား ငွေသားဆုကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ပထမဆုရရှိသော မန္တလေး ခရိုင်(ခ)အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ကျပ်နှစ်သိန်းငါးသောင်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဗုဒ္ဓဒေသနာတော် အကောင်းဆုံးရွတ်ဆိုပြိုင်

နေပြည်တော် ဧပြီ ၂၈

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဒေသနာတော်(မဟာသမယသုတ်) အကောင်းဆုံး ရွတ်ဆိုပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၂၂ရက် နံနက် ၈နာရီက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတအမှူးပြုသော ဆရာတော်ကိုးပါး ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် ဝတ်အသင်းများ တက်ရောက်ကြသည်။

ဆက်ကပ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ဘုရားရွတ်ဆိုကန်တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဇနီး ပရိသတ်အပေါင်းက တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ တိုင်းမှူးနှင့်ဇနီးတို့ကဦးဆောင်၍ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိ သူများက ဆရာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ **(အပေါ်ပုံ)** နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကိုဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်စည်ပင်ညွှန်မှူး မင်းတပ်၌ လုပ်ငန်းများစစ်ဆေး

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးသည် ဧပြီ ၂၂ ရက်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ငွေလုံးငွေရင်း မြို့ပြနှင့် ကျေးလက်တံတား၊ ရေပေးဝေရေးလုပ်ငန်းများ၊ မြို့သာယာရေးပလက်ဖောင်းကတ်တုံးများဆောင်ရွက်ထားမှု၊ ဈေးရှေ့ရေမြောင်းတူးဖော်ခြင်း၊ ခေါနူးမသုမ်လမ်းကတ္တရာခင်းရန် ပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စက်ရေတွင်း ရေရှည်တည်တံ့ရေး ကန့်ဘလူ၌ပြင်ဆင်

ကန့်ဘလူမြို့နယ် ချပ်တင်းစံပြကျေးရွာတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ လှူဒါန်းသည့် စက်ရေတွင်း၊ ရေကန်နှင့် အင်ဂျင်စက်များ ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(စက်မှု) ဦးကျော်မင်းနိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ်တွင် နယ်လှည့် ရုပ်ရှင်ပြသ

ပြန်ကြားရေးဝန်ကြီးဌာန မြစ်ကြီးနားမြို့ မော်ကွန်းရုပ်ရှင်ပြသရေးနှင့် ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပြည်သူလူထု အသိပညာ ဗဟုသုတရရှိစေရန်နှင့် အပန်းဖြေပျော်ရွှင်မှုရရှိစေရန်အတွက် ဧပြီ ၂ ရက်မှ ၉ ရက်အထိ ဝိုင်းမော် မြို့နယ် စန်းကား၊ နော်ဟီး၊ မခန္တီးနှင့် မဒိန်ကျေးရွာအုပ်စုတို့တွင် နယ်လှည့်ရုပ်ရှင်ပြသခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သင်္ကြန်ရက်များတွင် ဝိုင်းမော်မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်တွင် လှည့်လည်ပြသကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

ကျေးရွာ စာကြည့်တိုက်များတွင် စာဖတ်ဝိုင်းများကျင်းပ

ကျေးလက်ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားရေးအတွက် ကျေးရွာစာကြည့်တိုက်များရှိ စာဖတ်ဝိုင်းများကို ဧပြီ ၇ရက်နှင့်၈ရက်များတွင် မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာ ပညာရွာစာကြည့်တိုက်၊ ညောင်ရင်းကျေးရွာ ဉာဏသာဂရ စာကြည့်တိုက်၊ ရွာပိုလေးရွာ ပရမလင်းရောင်ခြည်စာကြည့်တိုက်များ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးညိုအုန်းက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်ဝင်းက ဒို့ကျေးရွာဂျာနယ် အတွဲ(၃) အမှတ်(၂၃)ပါ စေ့စပ်သေချာခြင်း(ခေါင်းကြီးပိုင်း)ကို ဖတ်ကြားရှင်းလင်း၍ စာကြည့်တိုက်အသင်းဝင်များက ပါဝင်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တွဲဖက်မူလတန်းကျောင်းသွပ်မိုးရန် ငွေလှူ

ကောလင်းမြို့နယ် ဥမှင်ကုန်းအုပ်စု အိမ်တိုင်ပုံကျေးရွာ တွဲဖက်မူလတန်းကျောင်း ဆောင် သွပ်မိုးရန် စုပေါင်းအလှူငွေပေးအပ်ပွဲကို ဧပြီ ၁၀ရက်က အဆိုပါကျောင်းတွင် ကျင်းပရာ အလှူရှင်များက သွပ်ပြားတစ်ချပ်လျှင်ငွေကျပ် ၆၀၀၀နှုန်းဖြင့် သွပ်ပြား ၈၂ချပ်ကို ကျောင်းအကျိုးတော်ဆောင် ဦးပေါက်စသို့ လွှဲပြောင်းပေးအပ်ကြသည်။ **(ဝ၂၆)**

မြစ်ကြီးနားမြို့ စိမ်းမြရောပန်းဥယျာဉ် အမြဲစိမ်းလန်း သာယာလှပရေးဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အများပြည်သူအနားယူအပန်းဖြေနိုင်ရန် မေခ-မလိခမြစ်ဆုံ အပန်းဖြေရိပ်သာ၊ ကရိန်နော် အပန်းဖြေရိပ်သာနှင့် စိမ်းမြရော ပန်းဥယျာဉ်များဖြင့် ဖွင့်လှစ်တည်ထောင်ထားရာ ရေ၊ မီး၊ ပန်းဥယျာဉ်တာဝန်ခံ အင်ဂျင်နီယာ(၂) ဦးအောင်မျိုးသက် အနီးကပ်ကြီးကြပ်၍ အဖွဲ့ပိုင်စိမ်းမြရောပန်းဥယျာဉ် အမြဲစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပစေရန် နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရာသီပန်းများ အဆက်မပြတ်ဖူးပွင့်စေရန် အစားထိုးစိုက်ပျိုးခြင်း၊ လူသွားလမ်း၊ ရေပန်း၊ ကလေးကစားကွင်းများ လှပနေစေရန် နေ့စဉ်ဆောင်ရွက်ပေးခြင်း၊ ပန်းဥယျာဉ်အတွင်း ပျိုးခင်းခြောက်ခုတည်ဆောက်ပြီး ပန်းအိခရာဝါ၊ နှယ်သာကီ၊ စိန်တံချူ၊ စက္ကူပန်း၊ ဗိုလ်ကတော်မျက်ခုံးနှင့် ရာသီပန်း၊ ဒန်းပန်း၊ နှဲပန်း၊ ပင်စိမ်းနီ၊ ရွှေတဆုပ်စသည့်ပန်းများ စိုက်ပျိုးထားပြီး အဆိုပါရာသီပန်းများကို ပြည်ထောင်စုလမ်းမကြီးနှင့် ဆွမ်ပရာဘွမ်လမ်းမကြီး လမ်းလယ်ကျွန်းပေါင်များသို့ ရွှေ့ပြောင်းစိုက်ပျိုးပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အကြီးဆုံးအရေးတရားတော် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	နိုင်ငံတကာအနုပညာရေးရာ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ပြည်သူများအတွက် ပညာပေး ဆေးပညာဆွေးနွေး
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အံ့မခန်း မြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	မိသားစုတနင်္ဂနွေ (ဗိုလ်တထောင်)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	သဒ္ဓါပြည့်တင်း ဆန်လှူအသင်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ လေ့ကျင့်ပြင်ဆင်မှုများ
၁၁း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၀	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော **“အပါယ်ပိတ်တရား”** (အပိုင်း-၃) (လူ့ဘဝရခဲခြင်းနှင့် သံသရာရှည်လှပုံ)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်)
၁၂း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး ‘ခြံစည်းရိုးကြက်ဆူပင်’
၁း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	ပွဲကြိုသုံးသပ်ချက်-၁	5- Sports
၉း၀၀	ပွဲကြိုသုံးသပ်ချက်-၂	5- Sports (Live)
၉း၂၅	Arsenal-Fulham	5- Sports (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Roma-Lazio	5- Series (Live)
၁း၀၀	Inter Milan-Empoli	5- Sports (Live)

ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်း ကတ္တရာလမ်းအဆင့်တိုးမြှင့်၊ စံချိန်စံညွှန်းမီ အပြီးဆောင်ရွက်

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ၂၄ရက် နံနက်ပိုင်းက တောင်ကြီးမြို့မှ ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံး ကားလမ်း အတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပင်လောင်း-တုံဟုံးလမ်း မိုင်တိုင်(၁၆/၀) တုံဟုံး တံတားသို့ရောက်ရှိ၍ လက်ရှိသစ်သားတံတား၏ ကြံ့ခိုင်တောင့်တင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးသည်ပင်လောင်း-တုံဟုံးလမ်းသစ် ဖောက်လုပ်ခြင်း ယာယီရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် (တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ပင်လောင်း-တုံဟုံး လမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ရွှေညောင်-ညောင်ရွှေ - မိုင်းသောက် - နမ့်ပန်-တုံဟုံးလမ်းနှင့် တုံဟုံး-လွိုင်မွန်းလမ်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက လမ်းတာချဲ့ခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်ရန်၊ ရွှေညောင်-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်း တို့ကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ရန်နှင့် သတ်မှတ်ချိန်အမီ၊ စံချိန်စံညွှန်းမီ အပြီးဆောင်ရွက်ရန်တို့ကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ပင်လောင်း - တုံဟုံးလမ်း ကတ္တရာခင်းပြီးအပိုင်းနှင့် ၁၃ မိုင် ၄ဖာလုံနှင့် ၁၄မိုင် တစ်ဖာလုံအကြားတွင် ဒုတိယအခြေခံလွှာကျောက်ခင်းကြိတ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မေ ၂၅ရက် နံနက်တွင် တောင်ကြီးမြို့မှ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများ၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၁၃ က ၆၆မိုင်တွင် လမ်းမျက်နှာပြင်ညှိ၍ ကတ္တရာရေပိတ်လွှာ လောင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပိုင်းလုပ်ငန်းများရှင်းလင်း

ထို့နောက် ဝန်ကြီးအား ၆၁ မိုင် နှစ်ဖာလုံရှိ ဝက်ဖြူရေစခန်း ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က ယင်းမာပင်-ကလော လမ်းပိုင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးပေး

ထို့နောက် ဝန်ကြီးအား ၃၆ မိုင် ယင်းမာပင်စခန်း ရှင်းလင်းဆောင်၌ မိတ္ထီလာခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သက်က မိတ္ထီလာ - တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ မိတ္ထီလာ-ယင်းမာပင်လမ်းအပိုင်းနှင့် ပျော်ဘွယ်-ဘုရားငါးဆူလမ်း အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ထိန်းသိမ်း စောင့်ရှောက်ရေး အဖွဲ့က ငွေကျပ်သိန်း ၂၅၀ အကုန် အကျခံဆောက်လုပ်လှူဒါန်းသည့် သံဃာ့ဆေးရုံ အဆောက်အအုံသစ် အတွက် စာရင်းဇယား စာရွက် စာတမ်းများကို အဖွဲ့နာယက ဦးအုန်းကြိုင်က အင်းစိန်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင် အေးမြင့်ထံ ဖေဖော်ဝါရီ ၇ ရက်က လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် (၅) မေခလမ်း သစ်ဆိမ့်ကုန်းရှိ ဇေယျဝတီဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊ B.A) တည်ထောင် ဆောက်လုပ်လျက်ရှိသော မိုးကုတ် ဝိပဿနာနိဗ္ဗာန်ရွှေဂူတောရရိပ်သာ၏ မဟာရံတံတိုင်းများနှင့် အဆောက်အအုံများ လိုအပ်လျက်ရှိရာ သဒ္ဓါတရား နည်းများမဟူ ဓမ္မာရုံတော်ကြီးနှင့်မဟာရံ အုတ်တံတိုင်းအတွက် တစ်ခန်းလျှင် ကျပ် ၅၀၀၀၀နှုန်းဖြင့်လှူဒါန်းလိုပါက ဆရာတော်ဖုန်း-၀၉-၅၁ ၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထား ကြောင်း သိရသည်။ **(က-ပ)**

နေပူထဲတွင်ကြာရှည်စွာထားသော ပလတ်စတစ်ပုံးထဲ ဓာတ်ဆီထည့်လျှင် ရုတ်တရက်မီးထလောင်တတ်သည် သတိထားရန်လိုအပ်

ရန်ကုန် မေ ၂၈

ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီသို့ ရောက်ရှိနေသည်။ ယင်းသို့ ပူပြင်းသည့် ရာသီတွင် မီးလောင်မှုများ မကြာခဏ ဖြစ်ပွားတတ်သည်။

လောင်ကျွမ်းခဲ့သော မီးလောင်မှုအမျိုးအစားများကို လေ့လာကြည့်လျှင် မီးဖိုမီး၊ ဆေးလိပ်တိုမီး၊ ခြင်ဆေးခွေမီး၊ ဖယောင်းတိုင်မီး၊ အပူလွန်ကဲမှုကြောင့် လောင်ကျွမ်းသည့်မီး၊ အိမ်သုံး လျှပ်စစ်ပစ္စည်းများ ချွတ်ယွင်းမှု၊ ပေါ့ဆမှုများကြောင့် လောင်ကျွမ်းသည့်မီး စသည်ဖြင့် အမျိုးစုံစွာ တွေ့ရှိရသည်။

မကြာခဏဖြစ်ပွား

ယင်းမီးလောင်မှုများအနက် အများပြည်သူများ သတိမပြုမိသည့် မီးလောင်မှု တစ်ခုမှာ ဓာတ်ဆီပုံး အတွင်း ဆီထည့်စဉ်ဖြစ်ပွားသည့် မီးလောင်မှုပင်ဖြစ်သည်။ ပလတ်စတစ် ဓာတ်ဆီပုံးအတွင်းသို့ ဆီလောင်းထည့်စဉ် ရုတ်တရက် မီးထလောင်မှုသည် ရပ်ကွက်များထဲတွင် မကြာခဏ ဖြစ်ပွားတတ်သော မီးလောင်မှုတစ်ခုဖြစ်သည်။

မီးလောင်မှုဖြစ်ပွားခဲ့

သာဓကအားဖြင့် ၁၇-၂-၂၀၀၇ ရက်တွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အဝေးပြေးကားဝင်း အတွင်း၌ လည်းကောင်း၊ ၁၉-၂-၂၀၀၇ရက်တွင် ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် (၂၁) မင်းလမ်း၌လည်းကောင်း၊ ၂၈-၂-၂၀၀၇ ရက်တွင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာ ရပ်ကွက်၌လည်းကောင်း၊ ၄-၃-၂၀၀၇ ရက်တွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ကျိုက်မရောလမ်း၌ လည်းကောင်း မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း ကြားသိရသည်။

အထက်ပါမီးလောင်မှုများသည် ဓာတ်ဆီပုံးထဲသို့ မီးတောက်၊ မီးပွားကျ၍ လောင်ကျွမ်းခြင်းမဟုတ်ဘဲ အလိုအလျောက် မီးထလောင်ခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်းရေးသားသူ - မြင့်မောင်စိုး

ထိုကဲ့သို့ မီးလောင်မှုမျိုးသည် အထူးသဖြင့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သည့် ရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော မီးလောင်မှုပင် ဖြစ်သည်။

ပြောကြား

ယင်းကဲ့သို့ မီးလောင်ရခြင်းမှာ အပူဓာတ်၊ လောင်စာနှင့် အောက်ဆီဂျင်တို့ပေါင်းစပ်ဖြစ်စဉ်ကြောင့် ဖြစ်ရခြင်း ဖြစ်ကြောင်း၊ နေပူထဲတွင် ဓာတ်ဆီအပြင်သို့ ဓာတ်ဆီလောင်းထည့်သည့် အဝမှ အရှိန်ပြင်းစွာ တွန်းကန်ထွက်လာကြောင်း၊ ထိုအခါ လောင်စာဖြစ်သည့် ဓာတ်ဆီသည် မီးလောင်ခြင်းကို အားပေးသည့် လေထဲရှိအောက်ဆီဂျင်နှင့် ပုံးအပြင်ကိုထွက်လာသည့် လေပူနှင့်ပုံးနှုတ်ခမ်းဝတို့၏ အရှိန်ပြင်းစွာ ပွတ်တိုက်အားတို့ကြောင့် ဖြစ်ပေါ်လာသော အပူဓာတ်တို့ ပေါင်းစမိသည့်အခါ မီးလောင်ခြင်း ဖြစ်ပေါ်လာကြောင်း မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောကြားသည်။

နေရောင်ခြည်ကြောင့် ဓာတ်ဆီပုံးအတွင်းရှိ လေများပူပြီး ပွကာ လေကျစ်အားဖြစ်နေပုံ

ပုံ(၁)



ပုံ(၁)

ပလတ်စတစ်ဓာတ်ဆီ ပုံးအား အဖုံးပိတ်ပြီး နေပူထဲတွင် အချိန်ကြာမြင့်စွာ ထားရှိပါက ယခုပုံတွင်ဖော်ပြထားသည့်အတိုင်း ဆီပုံးထဲရှိ လေများသည် အပူကြောင့် ပွလာကာ ထုထည် ကြီးမားလျက်ရှိပြီး လေဖိအားလည်း မြင့်တက် တွန်းကန်လျက်ရှိနေပါသည်။

ပုံ(၂)

ပုံ(၂)

ပူနေသည့် ပလတ်စတစ်ဓာတ်ဆီပုံးကို အဖုံး ဖွင့်ပြီး ပုံပါအတိုင်း ဓာတ်ဆီလောင်းထည့်လိုက် ပါက ပုံးအတွင်းတွင် ဓာတ်ဆီများဝင်ရောက် နေရာယူမှုကြောင့် ထုထည်ပိုမိုကြီးမားလာကာ လေဖိအားလည်း ပိုမိုမြင့်တက် တွန်းကန်လာ ပါသည်။

ထည့်မည့် ပလတ်စတစ်ပုံး၊ သံပုံး၊ ပီပါ စသည့်ပုံးများ အဖုံးများပိတ်၍ ကြာရှည်စွာထားပါက အပူဓာတ်များ ပုံးအတွင်း ကိန်းအောင်းနေကြောင်း၊ ထိုအချိန်တွင် ပုံးကိုဖွင့်၍ ဓာတ်ဆီ လောင်းထည့်ပါက ရုတ်တရက် မီးထလောင်တတ်ကြောင်း၊ အကြောင်းမှာ အတွင်းမှလေပူများ ဓာတ်ဆီများ ဝင်ရောက် နေရာယူလာခြင်းကြောင့် ပွတ်တိုက်အားတို့ကြောင့် ဖြစ်ပေါ်လာသော အပူဓာတ်တို့ ပေါင်းစမိသည့်အခါ မီးလောင်ခြင်း ဖြစ်ပေါ်လာကြောင်း မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောကြားသည်။

ထိုသို့ မီးလောင်မှုမျိုး မကြုံတွေ့ရလေအောင် အများပြည်သူများအား မီးသတ်ဦးစီးဌာနက အောက်ပါအတိုင်း သတိပြုလိုက်နာရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။



ပုံ(၃)

ပုံ(၃)

ပလတ်စတစ်ပုံးထဲသို့ ဓာတ်ဆီများ ဝင်ရောက် နေရာယူလာမှုကြောင့် ပုံးထဲရှိလေပူများသည် ဆီကတော့ အောက်ခြေမှ လည်းကောင်း (သို့ မဟုတ်)ဆီထည့်ခြင်းယာယီပြွတ်တောက်သွား စဉ် ကတော့အတွင်းမှလည်းကောင်း၊ ပြင်ပသို့ ဆီပုံးအပေါက်ဝကိုအရှိန်အဟုန်ဖြင့်ပွတ်တိုက် တွန်းကန်လျက် ထွက်လာပါသည်။

သတိပြုရှောင်ကြဉ်ရန်အချက်များ

၁။ ပလတ်စတစ် ဓာတ်ဆီပုံး အလွတ်များကို နေရောင် တိုက်ရိုက် ထိတွေ့သည့် နေရာ များတွင် ထားသို သိမ်းဆည်း ခြင်း မပြုရန်။

၂။ ပူနေသည့် ပလတ်စတစ် ဓာတ်ဆီ ပုံးအလွတ် ထဲသို့ ဓာတ်ဆီဖြည့်တင်းခြင်း မပြုရန်။

၃။ အကယ်၍ ပလတ်စတစ် ဓာတ်ဆီပုံး ပူနေပါက အဖုံး ဖွင့်ပြီး၊ လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ကာ လေပူများထွက် သွားအောင်ပြုလုပ်ပါ။ ယင်း နောက် မိနစ် ၃၀ ခန့် ပလတ် စတစ်ပုံးကို အအေးခံပြီးမှသာ ဓာတ်ဆီ ဖြည့်တင်းခြင်း ပြုလုပ် ရန်။

၄။ အကယ်၍ မီးစွဲလောင်ခဲ့ပါက ဆီပုံးလဲကျမသွားအောင် ပြုလုပ် ၍ Foam (သို့) D.C.P မီးသတ်ဆေးဘူးဖြင့် ပက်ဖျန်း ငြိမ်းသတ်ပါ။

၅။ ဆေးဘူးမရှိလျှင် ရေစွတ်ထားသော စောင်ဖြင့် ဖုံးအုပ်ငြိမ်း သတ်ပါ။

၆။ အရေးပေါ် ကြုံတွေ့လျှင် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းခံပါ။

၇။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားပါ။

(မြန်မာ့အလင်း)

ပုဂ္ဂလိကအပိုင်းက ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် မလွယ်ကူသော စက်မှုလုပ်ငန်းများ နိုင်ငံတော်အပိုင်းက တာဝန်ယူထူထောင်၍ တိုးတက်လာအောင် စီမံဆောင်ရွက်လျက်ရှိ

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာ စက်မှုဇုန်မှ တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အေးသာယာ စက်မှုဇုန်စတင်တည်ထောင်စဉ်က စက်မှုဇုန်အကျယ်အဝန်းမှာ ၂၈၅ ဧကရှိခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ စက်မှုဇုန်ကို တိုးချဲ့ခဲ့ရာ ယခုအခါ အေးသာယာစက်မှုဇုန်သည် ၇၈၂ ဒသမ ၁၂ ဧကအထိ ကျယ်ဝန်းလာပြီ ဖြစ်ပါကြောင်း။

အေးသာယာစက်မှုဇုန်ရှိ နိုင်ငံတော်၏အားပေးပံ့ပိုးမှုများဖြင့် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိစက်ရုံကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

ခေတ်မီသံရည်ကျိုစက်ရုံထုတ်ကုန်ပစ္စည်းများကို အရည်အသွေးအဆင့်အတန်းရှိသည့် ပစ္စည်းများဖြစ်အောင် ကြိုးပမ်းထုတ်လုပ်ကြရန်၊ ကျွမ်းကျင်သည့် ပညာရှင်လူ့အရင်းအမြစ်များကို ပျိုးထောင်ကြရန် မှာကြားချက်များနှင့် စပ်လျဉ်း၍လည်း မိမိတို့ စက်မှုဇုန်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံမှ အရည်အသွေးအဆင့်အတန်းရှိသည့် စက်ပစ္စည်းအစိတ်အပိုင်း စုစုပေါင်း ၁၁၂ မျိုးအထိ ထုတ်လုပ်ပေးနိုင်နေပြီ ဖြစ်ကြောင်း။

ထုတ်လုပ်ပေးလျက်ရှိ

အေးသာယာစက်မှုဇုန်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ရှမ်းစတားဂျစ်အပါအဝင် မော်တော်ယာဉ်ငယ်များ၊ လိုက်ထရပ်ယာဉ်များ၊ ၁၀ တန်အထက် မော်တော်ယာဉ်ကြီးများ၊ ကားအပိုပစ္စည်းအမျိုးမျိုး၊ အုတ်ဘလောက်စက်များ၊ ရေအားလျှပ်စစ်ထုတ်စက်များ၊ ဓာတ်မြေသြဇာမျိုးစုံ၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း။

သံရည်ကျိုစက်ရုံအပါအဝင် အေးသာယာစက်မှုဇုန်ကို ယခုထက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာရရှိရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများကို ယခုထက်အဆင့်အတန်းမြင့်မြင့် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မှာကြားရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှုများ၊ စက်မှုဇုန်တာဝန်ခံများ၊ စက်မှုဇုန်အလိုက် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှုများကြောင့် တည်ထောင်စက ပန်းပဲဖိုသာသာ အဆင့်သာရှိခဲ့သည့် စက်မှုဇုန်များသည် ယခုအခါ အရှိန်အဟုန်များရပြီး ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

အားပေးပံ့ပိုး

ဒေသအသီးသီးရှိ စက်မှုဇုန်များအနက် အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိ စက်ရုံများကို နိုင်ငံတော်၏ အားပေးပံ့ပိုး ကူညီမှုများဖြင့် ထူထောင်နိုင်ခဲ့ပြီဖြစ်၍ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာလျက်ရှိကြောင်း။

သံထည်ပစ္စည်း ကိုင်တွယ်သည့်စက်မှုလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများသည်လည်း ဆက်စပ် တိုးတက်လာမှာဖြစ်ကြောင်း။

မန္တလေး၊ မုံရွာ၊အေးသာယာ စက်မှုဇုန်များနည်းတူ အခြားစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း နိုင်ငံတော်က အလေးထားဂရုပြုလျက်ရှိကြောင်း။

အမြဲဆန်းစစ် သုတေသနပြု

စက်မှုဇုန်များအနေဖြင့် ရရှိနေသည့်အရှိန်အဟုန်များကို ရပ်တန့်မသွားစေဘဲ ဆက်လက်တိုးတက်နေအောင်၊ မိမိတို့ ထုတ်လုပ်သောပစ္စည်းများ အရည်အသွေးအဆင့်အတန်းမီအောင် အမြဲဆန်းစစ် သုတေသနပြု၍ လုပ်ကိုင်ဆောင်ရွက်နေရန်လိုကြောင်း။

မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သုံးစွဲသူများ၏ ဝေဖန်အကြံပြုချက်များကို အလေးထားရယူကာ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေး အဆင့်အတန်း ရှိသထက်ရှိပြီး သုံးစွဲသူ ကြိုက်နှစ်သက်အောင် တီထွင်ကြံဆ ထုတ်လုပ်သွားကြရမှာ ဖြစ်ကြောင်း။

စီစဉ်ဆောင်ရွက်

ပုဂ္ဂလိက အပိုင်းက ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် မလွယ်ကူသော စက်မှုလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက တာဝန်ယူ ထူထောင်၍ စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်စပ်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုဆိုလျှင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော သံနှင့်သံမဏိကုန်ကြမ်းများကို ထုတ်လုပ်ပေးနိုင်ရန်အတွက် နိုင်ငံတော်က ပင်းပက်ကဲသို့သော သံသတ္တုရိုင်းသိုက်များကို ခေတ်မီ နည်းပညာနည်းစဉ်ဖြင့် အဆင့်ဆင့် ထုတ်လုပ်ပြုပြင်သည့် စက်ရုံများကို ထူထောင်သွားမှာ ဖြစ်ကြောင်း။

တိုးတက်အောင်ကြိုးပမ်း

အေးသာယာ စက်မှုဇုန်အနေဖြင့် ရရှိထားသည့် အရှိန်အဟုန်ကောင်းများကို ရပ်တန့်မနေစေဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် သံရည်ကျိုစက်ရုံ၏ Machine Shop ၌ မော်တော်ယာဉ်များ၏ Fly

စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်

ဒေသအသီးသီးရှိစက်မှုဇုန်များအနက် အေးသာယာစက်မှုဇုန်၊ မန္တလေး စက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံများကို နိုင်ငံတော်၏ အားပေးပံ့ပိုး ကူညီမှုများဖြင့် ထူထောင်နိုင်ခဲ့ပြီဖြစ်၍ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာလျက်ရှိ။

မြောက်ဥက္ကလာပမြို့နယ် စူဠဘွဲ့နှင်းသဘင် ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြောက်ဥက္ကလာပမြို့နယ် (၂၇) ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဧပြီ ၁၀ ရက်က ဈ-ရပ်ကွက် သဒ္ဓမ္မဟိတကာရိမ္မောရုံ၌ ကျင်းပရာ ရွှေကျင်ဝေဠုဝန် မူလဒွါရ သုဓမ္မာ ဂိုဏ်းပေါင်းသံဃာ့ နာယကအဖွဲ့ ဆရာတော်များ၊ သံဃာတော်များ၊ စာသင်တိုက်များမှ ပဓာနနာယက စာချဆရာတော်များ၊ သံဃာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ဆက်ကပ်ချီးမြှင့်

အခမ်းအနားတွင် ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က သာသနာရေးဆိုင်ရာများလျှောက်ထားကာ တာဝန်ရှိသူများနှင့် အလှူရှင်များက ၂၀၀၆ ခုနှစ်တွင် ကျင်းပခဲ့သော ပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်နှင့် သီလရှင်များ၊ အဘိဓမ္မာ စာမေးပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းအောင်ပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် ထောက်ပံ့စရိတ်များ အသီးသီးဆက်ကပ် ချီးမြှင့်ကြသည်။

ကျင်းပခဲ့

အခမ်းအနားကို နိုင်ငံတော်မှ ထောက်ပံ့သောဆွမ်းဆန်အပြင် မြို့နယ်ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးလှကြည်-ဒေါ်အေးအေးသွယ် မိသားစု မတည်လှူဒါန်းငွေ ကျပ်ခြောက်သိန်းနှင့် မြို့နယ်ဥက္ကဋ္ဌ အမှူးပြုသော ရပ်ကွက်အသီးသီးမှ စေတနာရှင်မိသားစုများ၊ ရတနာသိင်္ဂီ ဈေးသူဈေးသားများ စုပေါင်းလှူဒါန်းငွေဖြင့် ကျင်းပခြင်းဖြစ်ပြီး အခမ်းအနား အပြီးတွင် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော် လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။**(က-ပ)**

ဓမ္မဗျူဟာ(ရန်ကုန်) ဗုဒ္ဓအခါတော်နေ့သင်တန်း

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၆) ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် သင်တန်းမှူး ဓမ္မဗျူဟာဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ (ဆု၊ဖွား၊ပွင့်၊စံ)နှင့်ပတ်သက်၍ ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့) တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဒါန ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာ စက်မှုဇုန် သံရည်ကျိုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံထည်ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အခြား ပုဂ္ဂလိက စက်မှုလုပ်ငန်းများ သည်လည်း ဆက်စပ် တိုးတက်လာမည်။

Wheel များ၊ Brake Drum များ၊ Hub Drum များ စက်ခုတ်စားထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Ware House၌ သံရည်ကျိုစက်ရုံက ထုတ်လုပ်သည့် သံချောင်းများ စုဆောင်းထားမှု၊ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့အတွက် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ သံမဏိတုံးများ၊ ဆန်စက်နှင့်ဆီစက်သုံး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တပ်ဆင်တည်ဆောက်

ယင်းနောက် Forging Shop၌ Light Truck ယာဉ် တပ်ဆင်တည်ဆောက်နေမှုများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Foundry Shop၌ သံမဏိတုံးများ သွန်းလောင်းထုတ်လုပ်နေမှု၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အပ်နှံထားသည့် မဟာဓာတ်အားလိုင်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ သံမဏိတုံးများမှ ပေ ၄၀ ခန့်ရှည်သည့် သံချောင်းလုံးများ ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

စားသောက်ကုန်အမျိုးမျိုး

ထို့နောက် စုစည်းပြသထားသည့် အေးသာယာစက်မှုဇုန်မှ ထွက်ရှိသော စားသောက်ကုန်အမျိုးမျိုး၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ မော်တော်ယာဉ်ငယ်အမျိုးမျိုးနှင့် မြေသယ်ယာဉ်ကြီးတို့ကိုလည်းကောင်း၊ ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ရောက်ရှိကြပြီး မြို့ပတ်လမ်းများ အခြေအနေနှင့် တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့နယ်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တပ်ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖြန့်ဖြူးပေး

တပ်ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ရပ်စောက်မြို့နှင့် ဗထူးတပ်မြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး မြို့နယ်အသင်းက ဖွင့်လှစ်လျက်ရှိသည့် အခြေခံကွန်ပျူတာသင်တန်းကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ရင်ကွဲသရက်အပင် ၆၀၀၀ ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ကျော်ညွှန့်နှင့် အလုပ်အမှုဆောင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး ပြည်နယ်အသင်းက ဖွင့်လှစ်ထားသည့် Public Internet Access Center ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။ **(သတင်းစဉ်)**

ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် လမ်းမတော်မြို့နယ် ၁၆ လမ်းအောက်လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၈၇)

ဥက္ကံ ပရိယတ္တိစာသင်တိုက် အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇိန (B.Sc, Phy) နှင့် ဆရာတော်၏ တူတပည့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယဂဏဝါစက ဓမ္မာစရိယတို့သည် ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားလေးကျေးရွာအုပ်စု သမန်းကုန်း ဥက္ကံကျေးရွာ သမန်းကုန်း ဥက္ကံပရိယတ္တိစာသင်တိုက် သာသနာပြု အမျိုးသားအမျိုးသမီးအသင်းကြီး၌ ကဆုန်လပြည့်ကျော် ၃ ရက်မှ ၉ ရက် (မေ ၃ ရက်မှ ၉ ရက်အထိ) ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နွေရာသီအဆင့်မြင့်ဘောလုံးအားကစားသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အဆင့်မြင့် ဘောလုံးအားကစားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း (၃)တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဘရာဇီးနည်းပြ Marcos Antonio Falopa နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

လိုက်လံနှုတ်ဆက်

ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက သရုပ်ပြပွဲ ကစားမည့် သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးကန်၍ သရုပ်ပြပွဲကို စတင်ပေးသည်။ သရုပ်ပြပွဲအဖြစ် အသက် (၈)နှစ်မှ (၁၀)နှစ်အတန်း တစ်ပွဲနှင့် အသက်(၁၁)နှစ်မှ (၁၃)နှစ်အတန်း တစ်ပွဲတို့ကို ကျင်းပသည်။

သင်ကြားပေးမည်

နွေရာသီအဆင့်မြင့် ဘောလုံးသင်တန်း၌ အတန်းနှစ်တန်းခွဲထားပြီး အသက်(၈)နှစ်မှ (၁၀)နှစ်အတန်းတွင် ၆၀၊ အသက်(၁၁)နှစ်မှ (၁၃)နှစ်အတန်းတွင် ၆၀ စုစုပေါင်း ၁၂၀ တက်ရောက်နေကြပြီး သင်တန်းနည်းပြများအဖြစ် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် နည်းပြများဖြစ်သည့် ဦးအေးမောင်လေး၊ ဦးခင်မောင်တင့်၊ ဦးကျော်လွင်၊ ဦးဇော်လေးအောင်၊ ဦးအုန်းကြိုင်၊ ဦးထွန်းတင့်အောင်၊ ဦးအောင်ထွန်းထွန်းနှင့် ဦးရွှေဘော်တို့က သင်ကြားပေးလျက်ရှိသည်။

သင်တန်းကို မေ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသအခြေအနေ ၂၉-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက် မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၉-၄-၂၀၀၇)ရက်နေ့

၂၀၀၇ခုနှစ် မေလအတွက်

(၁၃-၅-၂၀၀၇)ရက်နေ့ နှင့်

(၂၇-၅-၂၀၀၇)ရက်နေ့

နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ တိုက်ခိုက်ခံရပါက အမေရိကန်နှင့် အစ္စရေးတို့အား ပြန်လည်တုံ့ပြန်မည်ဟု အီရန်ပြောကြား

တီဟီရန် ဧပြီ ၂၈

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များအပေါ် အမေရိကန်တို့က တိုက်ခိုက်ခဲ့လျှင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်တို့၏ အကျိုးစီးပွားများနှင့် အစ္စရေးနိုင်ငံအား မိမိတို့က တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်အရာရှိကြီးတစ်ဦးက ပြောကြားကြောင်း အိုင်အာအင်အေသတင်းဌာနက ဧပြီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်များသည် အမေရိကန်နိုင်ငံအား ကောင်းစွာ ပစ်ခတ်နိုင်ကြောင်း၊ နေ့စဉ်ထောင်ပေါင်းများစွာသော ဒုံးကျည်များဖြင့် အီရန်ကပစ်ခတ်နိုင်ကြောင်း အီရန်ပြည်ထဲရေး ဒုတိယဝန်ကြီး မိုဟာမက်ဘာကာဇိုလ်ဟာဒါက ပြောကြားသည်။

ထို့အပြင် အဆိုပါဒုံးကျည်များဖြင့် အမေရိကန်တို့၏ မဟာမိတ်ဖြစ်သော အစ္စရေးနိုင်ငံသို့လည်း အီရန်တို့က ပစ်ခတ်နိုင်စွမ်းရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံရှိ ရှာဟတ်-၃ ဒုံးကျည်သည် ကီလိုမီတာ ၂၀၀၀ ထိ ပစ်ခတ်နိုင်ရာ ပင်လယ်ကွေ့တွင် ရှိသော အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် အစ္စရေးတို့အား ထိမှန်အောင်ပစ်ခတ်နိုင်သည်ဟု အီရန်တို့က ပြောကြားသည်။

အနောက်အုပ်စုနိုင်ငံများက အီရန်နိုင်ငံသည် နျူကလီးယားဗုံးထုတ်လုပ်ရန် ကြိုးစားနေကြောင်း စွပ်စွဲထားသော်လည်း အီရန်တို့ကမူ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နျူကလီးယားစွမ်းအင်ကို အသုံးပြုရန်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ဂျန်ဆုပြည်နယ် စူကျိုးမြို့တွင် မေလ ၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားအတွက် ပြင်ဆင်မွမ်းမံထားသည်ကို ဧပြီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား ရထားလမ်းများ ပြန်လည်ပြုပြင်ရေး ရူပီယာကိုးထရီလီယံအသုံးပြုရန် သတ်မှတ်လျာထား

ဂျကာတာ ဧပြီ ၂၈

အင်ဒိုနီးရှားအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ရထားလမ်းဟောင်းများအား ပြန်လည်ပြုပြင်ရန် ရူပီယာကိုးထရီလီယံ (အမေရိကန်ဒေါ်လာသန်း ၉၉၀) အသုံးပြုရန်အတွက် သတ်မှတ်ထားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဟာတာရာဂျာဆာက ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

အသုံးပြုမည်

အဆိုပါငွေကြေးများအား ရထားလမ်းဟောင်းများနှင့် တံတားဟောင်းများအား ပြန်လည်ပြင်ဆင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အင်န်တာရာသတင်းဌာနက ပြောကြားသည်။

ပြင်ဆင်မည်

သစ်သားများ အသုံးပြုထားသည့် ရထားလမ်းများမှာကြာရှည် အသုံးပြုရန်ကောင်းမွန်ခြင်းမရှိတော့သဖြင့် ၎င်းတို့အား အဓိကထား ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဟာတာရာဂျာဆာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီကွေဒေါတွင် ရေနံနှင့်ဒီဇယ်အသုံးပြုမှုလျှော့ချရေး လေနှင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်မည်

ကွီတို ဧပြီ ၂၈

ကမ္ဘာ့အမွေအနှစ် ဒေသတစ်ခုအဖြစ် သတ်မှတ်ထားသော အီကွေဒေါနိုင်ငံ ဂါလာပါဂိုစ်ကျွန်းစုတွင် ရေနံနှင့် ဒီဇယ်အသုံးပြုမှု လျှော့ချရေး အစီအစဉ်တစ်ရပ်ကို အီကွေဒေါအစိုးရက ဧပြီ ၂၄ ရက်၌ စတင်လိုက်ပြီဖြစ်သည်။

ဂါလာပါဂိုစ်ကျွန်းစုတွင် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ လုံးဝအသုံးမပြုရေးအစီအစဉ်၌ လေနှင့်နေရောင်ခြည်စွမ်းအင်များမှ လျှပ်စစ်ဓာတ်အားရရှိရန် ဒေသခံပြည်သူများအား အသုံးပြုကြရေး တိုက်တွန်းမည်ဖြစ်သည်။

တိုက်တွန်း

ထို့အပြင် အီကွေဒေါနိုင်ငံတွင် ငါးဖမ်းစက်လှေများ၌ ဇီဝဒီဇယ်အသုံးပြုကြရေးကိုလည်း တိုက်တွန်းသွားမည်ဖြစ်သည်။

အများဆုံးသုံးစွဲ

လွန်ခဲ့သော ခြောက်နှစ်က ဂါလာပါဂိုစ်ကျွန်းသည် ဒေသအတွင်း ရေနံအများဆုံး သုံးစွဲသည့် နယ်မြေတစ်ခု ဖြစ်ခဲ့သည်။

ယခုအခါ အဆိုပါအစီအစဉ်အောင်မြင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၂သန်းကို ရင်းနှီးမြှုပ်နှံပေးသွားမည်ဖြစ်ရာ အီကွေဒေါနိုင်ငံက ၄၀ရာခိုင်နှုန်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ၆၀ရာခိုင်နှုန်းဖြစ်ကြောင်း အီကွေဒေါစွမ်းအင်ဝန်ကြီး အယ်ဘာတိုအကိုစတာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခြေထောက်ဖြင့်စာရေးပြီး စာမေးပွဲဖြေသူ

ခြေထောက်ဖြင့်စာရေးပြီး စာမေးပွဲဖြေသူ တရုတ်အမျိုးသမီးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် အရှေ့ပိုင်း လျန်ယန်ဂန်မြို့တွင် ကောလိပ်ဝင်ခွင့် စာမေးပွဲကို ဖြေဆိုနေသော အသက်(၂၄)နှစ်အရွယ် ဂျီဟွန် အမည်ရှိ တရုတ် အမျိုးသမီးလေး တစ်ဦးမှာ ခြေထောက်ဖြင့် စာများရေးသားကာ စာမေးပွဲဖြေခဲ့ကြောင်း သိရသည်။ ၎င်းသည် အသက် ခြောက်နှစ်အရွယ်တွင် လျှပ်စစ် မတော်တဆ ဖြစ်ရပ်ကြောင့် လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရသူ ဖြစ်သည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံး ကြက်ဥ

ကမ္ဘာ့ အကြီးဆုံး ကြက်ဥတစ်လုံးကို ပုံမှန်ကြက်ဥတစ်လုံးနှင့် နှိုင်းယှဉ်ပြထားစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျင်ယူမြို့တွင် မစ္စပန် အမည်ရှိ တရုတ်အမျိုးသမီးကြီးတစ်ဦး မွေးမြူထားသော ကြက်မတစ်ကောင်က ဥသောကြက်ဥတစ်လုံးမှာ အရှည် ၁၀ စင်တီမီတာ၊ အမြင့် ခြောက်စင်တီမီတာနှင့် အလေးချိန် ၂၃၅ဂရမ် ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးကြက်ဥတစ်လုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်)**

ခရီးသွားဦးရေ တစ်သန်းကျော် ယခုနှစ်တွင် ကင်ညာနိုင်ငံသို့ လာရောက်ကြမည်

နိုင်ရိုဘီ ဧပြီ ၂၈

ကင်ညာနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဦးရေ တစ်သန်းကျော်လာရောက်မည်ဟု ခန့်မှန်းထားရာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၇၇ ဒသမ ၁သန်း ရရှိမည်ဟု မျှော်မှန်းထားကြောင်း ကင်ညာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့က ဧပြီ ၂၅ရက်၌ ပြောကြားသည်။

အာဖရိကအရှေ့ပိုင်းနိုင်ငံဖြစ်သော ကင်ညာနိုင်ငံသည် ၂၀၀၆ ခုနှစ်က ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမြင့်မားဆုံးရရှိခဲ့သည်။ မိမိတို့ ကင်ညာနိုင်ငံ၏ အဓိက လေဆိပ်နှစ်ခုမှ ကမ္ဘာလှည့်ခရီးသွားဦးရေ တစ်သန်းကျော်လာရောက်မည်ဟု မျှော်မှန်းထားကြောင်း ကင်ညာခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဂျက်ဂရီဗက်စ်ကွတ်က သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ပြောကြားသည်။

ကင်ညာနိုင်ငံသို့ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့်ခရီးသွားဦးရေ ၉၅၄၀၀၀ ရောက်ရှိခဲ့ကြောင်း၊ ထိုနှစ်က ခရီးသွားလုပ်ငန်းမှဝင်ငွေမှာ ကင်ညာနိုင်ငံသုံး ရှယ်လင်ငွေ ဘီလီယံ ၆၀ ရရှိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံတကာ လေကြောင်းလိုင်းများအနေဖြင့် ကင်ညာနိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပိုမိုပြေးဆွဲနိုင်လျှင် ခရီးသွားများ ပိုမို ရောက်ရှိလာမည်ဖြစ်ကြောင်း ဘရပ်ဆဲလ်လေကြောင်းလိုင်း၏ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီသို့ ပျံသန်းမည့် လေကြောင်းခရီးစဉ် စတင်သည့် အခမ်းအနား၌ ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဒေသတွင်းလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး စင်ကာပူ ရန်ပုံငွေ ထူထောင်မည်

စင်ကာပူ ဧပြီ ၂၈

ဒေသအတွင်း လူငယ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ရေး စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက ဧပြီ၂၆ရက်၌ ပြောကြားသည်။

အဆိုပါ အစီအစဉ်အတွက် စင်ကာပူအစိုးရက စင်ကာပူဒေါ်လာငါးသန်းမတည်ပြီး စင်ကာပူ-အာဆီယံ လူငယ်ရန်ပုံငွေသို့ ထည့်ဝင်ပေးမည်ဖြစ်ကြောင်း လူငယ်များဆိုင်ရာငါးကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ၌ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားသည်။

ထိုရန်ပုံငွေသည် အသက် ၁၅နှစ်မှ ၃၅နှစ်အကြား လူငယ်များအတွက် ထောက်ပံ့ပေးမည့် ငွေကြေးဖြစ်ပြီး လေ့လာရေး ခရီးစဉ်များ၊ လူငယ်အဖွဲ့အစည်း စီမံကိန်းများ၊ ဆွေးနွေးပွဲများ၊ ခေါင်းဆောင်မှုအရည်အသွေး မြှင့်တင်မည့် အစီအစဉ်များနှင့် အခြားအစီအစဉ်များအတွက်ဖြစ်သည်ဟု ဝန်ကြီးချုပ်လီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

✻ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ကာလပေါ်တေးဂီတအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့သည် ရန်ကုန်တိုင်းအတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုလျှင် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ကို ဆက်သွယ်ပေးသည့် လေးလမ်းသွား ငမိုးရိပ်ချောင်းကူး(ကမာကြည်) တံတားဖွင့်လှစ်နိုင်၍ ရန်ကုန်တောင်ပိုင်းခရိုင်က သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ လေးမြို့နယ်က ပြည်သူများ ရန်ကုန်မြို့တော်ကြီးသို့ လွယ်လင့်တကူလာရောက်နိုင်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ပြုနိုင်ပြီဖြစ်၍ပင် ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် အမိပြည်ထောင်စု နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာစေရန်၊ မိမိနိုင်ငံသူ နိုင်ငံသားအားလုံး လူနေမှုဘဝ မြင့်မားတိုးတက်စေရန်အတွက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်ချမှတ်ပြီး နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နေသည်ကိုလည်း မည်သူမျှမငြင်းနိုင်ကြောင်း။

ထို့အပြင် အမိမြန်မာနိုင်ငံ၌ နေထိုင်သူ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာများ ရေရရှိရေး၊ ကျေးရွာများစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့်အတွက် ကျေးရွာများသည် မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။ နိုင်ငံတော်အတွင်းဖွံ့ဖြိုးတိုးတက်မှုကွက်လပ်မကျန်ရအောင် အထူးဒေသကြီး (၂၄)ခုသတ်မှတ်ကာ ဆောင်ရွက်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးတွင် မျှမျှတတ အရှိန်အဟုန်ဖြင့် တိုးတက်နေပြီဖြစ်ကြောင်း။

အကောင်အထည်ဖော်

ယခုကဲ့သို့ တံတားကြီးများတည်ဆောက်ရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"လမ်းပန်း ဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနဲ့တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှု ကွာဟခြင်းတို့ မဖြစ်ကြစေလိုသည့်အတွက် တံတားကြီးများ တည်ဆောက်ရခြင်းဖြစ်တယ်"** ဆိုသည်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း။ ထို့ကြောင့် ဤတံတားသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ၁၈၀အထက် တံတား ၂၂၄ စင်းမြောက်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်သည့် ၂၉ စင်းမြောက် တံတားဖြစ်ကြောင်း။

ဤတံတား၏ ထူးခြားချက်မှာ လူသွားလမ်း ဘေးတစ်ဖက်စီတွင် ၁၆လက်မ အချင်းရှိသည့် ရေပိုက်လိုင်းတစ်လိုင်းစီ တပ်ဆင်ထားပြီး သုဝဏ္ဏ ရန်ကုန်သစ်ဘက်မှ သာကေတမြို့နယ်အတွင်းရှိ ပြည်သူများအတွက် သောက်သုံးရေ ရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မှုပင် ဖြစ်ကြောင်း။ နောင်တွင် သာကေတသာမက ဒေါပုံမြို့နယ်ပါ ရေပေးနိုင်မည် ဖြစ်ကြောင်း။

ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ယခင်က သန်လျင်၊ ကျောက်တန်းဘက်မှလာလျှင်သာကေတမြို့နယ် ဧရာဝဏ်လမ်းပေါ်ရှိ နှစ်လမ်းသွား ငမိုးရိပ်တံတား တစ်စင်းသာရှိသဖြင့် ရုံးတက် ရုံးဆင်းချိန်များနှင့် ယာဉ်အသွားအလာများသည့် အချိန်များတွင် ယာဉ်ကျော ပိတ်ဆို့မှုများကြောင့် အချိန်ကြာမြင့်မှုများ ရှိခဲ့ရကြောင်း။

ရှင်းလင်းပြောကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ပိုမိုလျင်မြန်သွက်လက်

ယခုအခါ လေးလမ်းသွား ငမိုးရိပ်တံတား(ကမာကြည်)ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်၊ ခရမ်း၊ သုံးခွ၊ သီလဝါ၊ ကျောက်တန်းမြို့နယ်တို့ကို အချိန်တိုအတွင်း ပိုမိုလွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်ကာ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ ပညာရေးဘဝများပါ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးလာတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် သီလဝါဆိပ်ကမ်းမှ ကုန်စည်များကို ဒဂုံတံတားမှ ရန်ကုန်မြို့တွင်း ဖြတ်သန်းမသွားရဘဲ ဤငမိုးရိပ်တံတား (ကမာကြည်)မှ တစ်ဆင့် အမှတ်(၂)လမ်းမကြီးမှနေ၍ မြန်မာပြည်အနှံ့ပို့ဆောင်ပေးနိုင်ရန်အတွက်လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ မြို့တော်ဖွံ့ဖြိုးရေးအတွက်လည်းကောင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းသို့ လမ်းတံတားများ အစီအရီ ပေါ်ပေါက်လာခဲ့၍ ရန်ကုန်မှ ဘုရင့်နောင်တံတားနှင့် တွံတေးတံတားများကို ဖြတ်သန်းပြီး ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်-မအူပင်-ညောင်တုန်း- ရန်ကုန်လမ်း ကွန်ရက်ပတ်လမ်း(Road Network Loop) လည်း ကျယ်ဝန်းပေါက်မြောက် သွားရောက်နိုင်ပြီ ဖြစ်ကြောင်း။

တည်ဆောက်ပေး

ယနေ့အထိ ရန်ကုန်တိုင်းအတွင်း၌ ဆောက်လုပ်ရေး ဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သော ပေ ၁၈၀နှင့်အထက်တံတားပေါင်းမှာ၂၉စင်းနှင့်တည်ဆောက်ဆဲ ဒဂုံတံတားနှင့်ဘော်ချောင်းတံတားတို့လည်း မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ပေ၁၀၀မှ ၁၈၀အထိ တံတားပေါင်း ၁၂စင်းတည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်း၌ လမ်းမိုင်ပေါင်း ၅၆၀/၅မိုင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ငမိုးရိပ်တံတား (ကမာကြည်)ကို ၂၀၀၄ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ပြီ ဖြစ်ကြောင်း၊တံတားအမျိုးအစားမှာ တံတားအောက်ထည်အုတ်မြစ် သံကူကွန်ကရစ်လွန်တူးဘိုပိုင်၊ သံကူကွန်ကရစ် တံတားတိုင်နှင့် အပေါ်ထည်မှာ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်ကြောင်း။

အလွယ်တကူသွားလာနိုင်

၁၉၈၈ခုနှစ် နောက်ပိုင်းတပ်မတော်အစိုးရလက်ထက်တွင် ငမိုးရိပ်ချောင်းကိုဖြတ်ပြီး ဒဂုံမြို့သစ်တံတား၊ ငမိုးရိပ်တံတား (ပါရမီ)၊ ငမိုးရိပ်တံတား (သဃ်န်းကျွန်း)၊ မဟာဗန္ဓုလတံတားအပြင် ယခုဆိုလျှင် ငမိုးရိပ်တံတား(ကမာကြည်)ကိုပါ ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်သည့်အတွက် တစ်နေရာနှင့်တစ်နေရာ တစ်မြို့နယ်နှင့်တစ်မြို့နယ် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ တံတားကြီးရေရှည် အသုံးပြုသွားနိုင်အောင် ကူညီထိန်းသိမ်းပေးကြပါဟု ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စားပြည်သူတစ်ဦးက နိုင်ငံတော်အစိုးရက လမ်း၊ တံတားများကို တိုးတက် တည်ဆောက်ဖွင့်လှစ်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးကို ခံစားရသည့်ဒေသခံ ပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း ငမိုးရိပ်တံတား(ကမာကြည်)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖွင့်ပွဲကျင်းပမည့် တံတားပေါ်ရှိမုခ်ဦးရှေ့၌နေရာယူကြပြီး မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ငမိုးရိပ်တံတား (ကမာကြည်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည်တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား (ကမာကြည်) ၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ငမိုးရိပ်တံတား (ကမာကြည်)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ တက်ရောက်လာကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖြတ်သန်းဆက်သွယ်ထား

အဆိုပါ ငမိုးရိပ်တံတား (ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့်သာကေတမြို့နယ်တို့ကို ငမိုးရိပ်ချောင်းအား ဖြတ်သန်းကာဆက်သွယ်တည်ဆောက်ထားသည်။

တံတားအရှည်မှာ ပေ၉၇၀၊ အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ်၄၈ပေ (၁၂ပေXလေးလမ်း) ရှိပြီး တံတားတစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းနှင့် ရေပေးဝေရေးအတွက် အချင်း၁၆လက်မရှိ ပိုက်လိုင်းများ တပ်ဆင်ထားသည်။

တံတား ရေလမ်းကင်းလွတ် အကျယ်မှာ၆၅ပေ၊ရေအတက်ဆုံးအချိန် ရေလမ်းကင်းလွတ် အမြင့်မှာ ၁၁ပေနှင့် ခွင့်ပြုယာဉ်အလေးချိန်မှာ တန်၆၀ဖြစ်ပြီး တံတားအပေါ်ထည်ကို ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရမ်းနှင့် တံတားအောက်ထည်ကို သံကူကွန်ကရစ်၊ အုတ်မြစ်ကို သံကူကွန်ကရစ် (ဘိုးပိုင်၊ R.C.D ဘိုးပိုင်)တို့ဖြင့် တည်ဆောက်ထားသည်။ **(သတင်းစဉ်)**

ငမိုးရိပ်တံတား (ကမာကြည်)

တံတားအရှည်မှာ ပေ၉၇၀၊ အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်း အကျယ်၄၈ပေ (၁၂ပေX လေးလမ်း) ရှိပြီး တံတား တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းနှင့် ရေပေးဝေရေးအတွက် အချင်း ၁၆လက်မရှိ ပိုက်လိုင်းများ တပ်ဆင်ထား။

တံတား ရေလမ်းကင်းလွတ် အကျယ်မှာ ၆၅ပေ၊ ရေအတက်ဆုံး အချိန် ရေလမ်းကင်းလွတ် အမြင့်မှာ ၁၁ပေနှင့် ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ဖြစ်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့်သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ငမိုးရိပ်တံတား(ကမာကြည်)ကို တွေ့ရစဉ်။
(သတင်းစဉ်)

29-4 (11) 1 4/28/07, 1:54 PM

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ (၃၃)ကြိမ်မြောက် ဘုရားကိုးဆူ ပူဇော်ပွဲကို ဧပြီ ၂၂ ရက်က ရုံးချုပ်ခန်းမတွင်ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား တာဝန်ရှိပုဂ္ဂိုလ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

ရောဝတီတိုင်း ဖျာပုံမြို့ (၁၂) ရပ်ကွက်နေ ဦးမျိုးချစ်–ဒေါ်ခင်ပြုံး၊ သမီး မဆုရည်ဝင်း၊ သား မောင်အောင်ကျော်ငြိမ်း၊ မောင်အောင်မျိုးချစ်မိသားစုက မောင်အောင်မျိုးချစ်၏ (၁၄)နှစ် ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။ (က–ပ)

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက်ချောင်ဒရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၇ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၇ရက် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တွေ့ဆုံဆွေးနွေးပြီး နေပြည်တော်မြို့တော်ခန်းမသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ပြန်လည်ထွက်ခွာ

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းဖြင့် ပြန်လည်ထွက်ခွာသွားသည်။

နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ခိုင်ရူဇာမန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက်ချောင်ဒရီအား နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လူငယ်ယဉ်ကျေးမှုသင်တန်း

ရန်ကုန် ဧပြီ ၂၈

ထေရဝါဒ ဗုဒ္ဓအဆုံးအမနှင့်အညီ မှန်ကန်သည့်အတွေးအခေါ် အယူအဆများ တိုးတက်ပြီး ကိုယ်ကျင့်တရားကောင်းများ မွေးမြူတတ်စေရန် ရည်ရွယ်၍ လူငယ်ယဉ်ကျေးမှု မျက်ပွင့်သင်တန်းကို မေ ၇ ရက်မှ ၁၈ရက်ထိ နံနက် ၈နာရီမှ ညနေ ၃နာရီခွဲအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေ ဓမ္မဗိမာန်၌ ဓမ္မဒါန ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူ အသက် ၁၅နှစ်မှ ၂၇နှစ် အတွင်းရှိ အမျိုးသား၊ အမျိုးသမီးများသည် ဖုန်း–၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေးလုပ်ငန်းများ အာရှ၊ အရှေ့အာရှနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများ ဒေသဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ ကွင်းဆင်းလေ့လာ

ရန်ကုန် ဧပြီ ၂၈

ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် အာရှ၊ အရှေ့အာရှနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများ ဒေသဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ President OIE Regional Commission For Asia the Far and Oceania Dr. Gardner Murray သည် OIE RCU ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Ronello Abila လိုက်ပါလျက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ၊ မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ် ကျန်းမာရေးအရာရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ်စားလှယ်များနှင့်အတူ ဧပြီ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းအတွင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ် ပထမဦးဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားခဲ့သည့် မရမ်းကုန်းမြို့နယ် ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်းလေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အီရတ်နိုင်ငံ ကာဘာလာ၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၅၂ ဦးသေဆုံး၊ ၈၅ဦးဒဏ်ရာရ

ကာဘာလာ ဧပြီ ၂၈

အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဧပြီ ၂၈ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၂ဦး သေဆုံးပြီး၊ ၈၅ဦး ဒဏ်ရာရရှိသွားကြောင်း နောက်ဆုံးဖောင်ပိတ်ချိန်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ကာဘာလာမြို့သည် ရှီးယားတို့ အများစုနေထိုင်ရာ ဒေသတစ်ခုဖြစ်ကြောင်း၊ ယင်းကားဗုံးခွဲတိုက်ခိုက်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ထိခိုက်ဒဏ်ရာ ရရှိသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ချယ်လ်ဆီးသရေကျ၊ မန်ယူအနိုင်ရ ငါးမှတ်အသာဖြင့် မန်ယူဦးဆောင်

သတင်းမြင်ကွင်း – မြင့်မောင်စိုး

လန်ဒန် ဧပြီ ၂၈

ပရီမီယာလိဂ် ပွဲစဉ် (၃၆) ပြိုင်ပွဲများကို ဧပြီ ၂၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အကြိတ်အနယ် ကစားခဲ့သော်လည်း ဘော်လ်တန်ကို နှစ်ဂိုး–နှစ်ဂိုးဖြင့် သရေကျခဲ့သည်။

သို့ရာတွင် အမှတ်ပေးဇယားတွင် ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းသည် အဲဗာတန်၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့သော်လည်း လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အဲဗာတန်–မန်ယူ

မန်ချက်စတာ ယူနိုက်တက်အသင်းသည် အဲဗာတန်ကို နှစ်ဂိုးရှုံးထားရာမှ ပြန်လည်တိုက်စစ်ဆင်ကစားပြီး ဂိုးများသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအနိုင်ရလိုက်၍ မန်ယူတို့ ချယ်လ်ဆီးထက် ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ပြီ ဖြစ်သည်။

အဲဗာတန်တို့ယင်းပွဲတွင် ရှုံးနိမ့်သော်လည်း ပွဲစပြီး ၁၂ မိနစ်အကြာ အလန်စတပ်ဘ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အဲဗာတန်တို့ ဒုတိယပိုင်းတွင်လည်း ခြေမှန်ဖြင့် ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန်မိနစ် ၅၀ တွင် ဖာနန်ဒက်စ်က အဲဗာတန်အတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူခဲ့ပြန်သည်။

မန်ယူတို့ အဲဗာတန်ကို နှစ်ဂိုး – ဂိုးမရှိဖြင့်ရှုံးနိမ့်ထားပြီဖြစ်၍ နည်းပြဖာဂူဆန်သည် ပွဲချိန်မိနစ် ၅၀ အကျော်တွင် စမစ်အစား စီရိုနယ်ဒို၊ အီဗာရာအစား ရစ်ချက်ဆန်၊ ဆိုးလ်ရှားအစား အီးဂဲလ်တို့ကို လူစားလဲကစားခဲ့သည်။

ထိုသို့ လူလဲပြီးသည်နှင့်အညီ မန်ယူတို့ ဖာဂူဆန် တိုက်စစ်ဗျူဟာအတိုင်း အရှိန်မြှင့်ကစားခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် အဲဗာတန် ဂိုးသမားတန်းနား၏ အမှားကို အပိုင်အသုံးချပြီး ချေပဂိုးစတင် သွင်းယူလိုက်သည်။ ထို့အပြင် ပွဲချိန် ၆၈ မိနစ်တွင် စီရိုနယ်ဒို ခေါင်းအတိုက်၌ ဖီးလ်နဗီးလ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့၍ မန်ယူတို့ ဒုတိယမြောက် ချေပဂိုးရခဲ့ပြန်သည်။

တစ်ဖက်နှစ်ဂိုးစီသရေကျနေချိန်တွင် မန်ယူတိုက်စစ်မှူးရွန်နေနှင့် ဆိုးလ်ရှားအစားဝင်လာသည့် အီးဂဲလ်တို့က တတိယမြောက်နှင့် စတုတ္ထမြောက်ဂိုးတို့ကို အသီးသီး သွင်းယူခဲ့ကြသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် အေစီမီလန်နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်ကကဲ့သို့ပင် အရှုံးအခြေအနေမှ တိုက်စစ်အရှိန်ဖွင့် ကစားနိုင်ခဲ့၍ အနိုင်ရခဲ့သလို ယနေ့ပွဲတွင်လည်း အဲဗာတန်အသင်းကို ရှုံးပြီးမှ အနိုင်ကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်သည်။

ယင်းပွဲအနိုင်ရလိုက်၍ မန်ယူတို့ ပရီမီယာလိဂ်ဖလားရရှိရန် အလားအလာကောင်းသွားသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် လာမည့် မေ ၅ ရက် ပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်လည်းကောင်း၊ မေ ၉ရက်၌ ချယ်လ်ဆီးနှင့်လည်းကောင်း၊ နောက်ဆုံးပွဲအဖြစ် ဝက်စ်ဟမ်းနှင့်လည်းကောင်း ကစားရန်သာ ရှိတော့သည်။ ယခုပွဲအပြီး မန်ယူတို့ ရမှတ်၈၅မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

ချယ်လ်ဆီး–ဘော်လ်တန်

ယခုသီတင်းပတ်တွင်လည်း ချယ်လ်ဆီးတို့ မန်ယူကို အမီလိုက်ရန် ကြိုးစားမှုမှာ မအောင်မြင်ဘဲဖြစ်ခဲ့ရပြန်ပြီဖြစ်သည်။ ဘော်လ်တန်တို့ ချယ်လ်ဆီးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း မီချာလစ်က ပွဲစပြီး၁၉မိနစ်အကြာ ဘော်လ်တန်အတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ပွဲချိန် ၂၂မိနစ်တွင် ကာလူးက ခေါင်းတိုက်ဂိုးဖြင့် ချေပဂိုးသွင်းယူခဲ့သည်။

ထို့အပြင် ကာလူးခေါင်းတိုက် လိုက်သောဘောလုံးမှာ ဂိုးဘားတန်းထိမှန်ပြီး ပြန်ထွက်လာစဉ် ဘော်လ်တန်နောက်တန်းလူ ဂျာစကီလိုင်နင်ကို ထိပြီး ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရခဲ့သည်။ သို့သော်လည်း ဘော်လ်တန်အသင်းမှ ကီဗင်ဒေးဗီးစ်က ခေါင်းတိုက်ဂိုးဖြင့် ချေပလိုက်၍ မော်ရင်ဟို၏ ပရီမီယာလိဂ်ဖလား ကာကွယ်ရေးမျှော်လင့်ချက် မှေးမှိန်သွားခဲ့ရသည်။

အဲဗာတန်၏ ဦးဆောင်ဂိုး သွင်းထားမှုကို အိုရှီးယား (ဝဲ)က ဤသို့ ထိုးဖောက်၍ ချေပဂိုး သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

အခြားပွဲရလဒ်များ

ဘလက်ဘာန်း	၄	–	၁	ချာလ်တန်
မန်စီးတီး	၀	–	၂	အက်စ်တွန်ဗီလာ
မစ်ဒယ်ဘရော့	၂	–	၃	တော့တင်ဟမ်
ပို့စ်မောက်	၂	–	၁	လီဗာပူး
ရှက်ဖီး	၁	–	၀	ဝက်ဖို့ဒ်
ဝီဂန်	၀	–	၃	ဝက်စ်ဟမ်း။

(အင်တာနက်)

ပရိသတ် ကြက်သီးဖြန်းဖြန်းထအောင် ကြည့်ရှုကြရမည့် ကရဝိက်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) လက်ဝှေ့ပွဲ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၈

မြန်မာ့ရိုးရာ လက်ဝှေ့သည် မြန်မာတို့၏ ဓာတိရုပ်ကို ဖော်ထုတ်ပြသသော ပြယုဂ်တစ်ခုဖြစ်သလို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် တစ်ခုလည်းဖြစ်သည်။ မြန်မာ့ရိုးရာ လက်ဝှေ့သက်တမ်းကား နှစ်ပေါင်းထောင်ချီကာ တည်ရှိခဲ့ပြီဖြစ်သည်။

စောဇော်လွင် (ရွှေလက်ရာ၊ ရန်ကုန်)

နယ်စပ် လက်ဝှေ့ကျော် ဇာတ်လိုက် (မြဝတီကွဲမြင်း)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် စောဇော်လွင် (ရွှေလက်ရာ၊ ရန်ကုန်)။

အလွတ်တန်းချန်ပီယံလုပွဲ

ထိုသို့သော မြန်မာ့ရိုးရာ လက်ဝှေ့ကို အမြဲရှင်သန် တိုးတက်ဖြစ်ထွန်းနေစေရန် ကြိုးစားလျက်ရှိရာ ယခု မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T & T Group မှ တာဝန်ယူ ကျင်းပမည့် **မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄)** ဟု အမည်ပေးထားသော မြန်မာပြည် အလွတ်တန်း ချန်ပီယံလုပွဲကြီးကို ရန်ကုန်မြို့ ကရဝိက် ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)တွင် လာမည့် မေ ၁၂ ရက် ညနေ ၆ နာရီတွင် ကျင်းပတော့မည် ဖြစ်သည်။

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) လက်ဝှေ့ပွဲနှင့် ပတ်သက်၍ မီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ဧပြီ ၂၈ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ MR. Brown Cafe၌ ကျင်းပရာ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် တာဝန်ရှိသူများကရှင်းလင်းပြောကြားပြီး တက်ရောက်သူများ၏ သိရှိလိုသော အချက်များကို ဖြေကြားပေးကြသည်။

အထူးငါးချီစိန်ခေါ်ပွဲ

ယခုကျင်းပမည့် **မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄)** လက်ဝှေ့ပွဲတွင် အဓိက ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲများမှာ လက်ရှိ မြန်မာပြည်အလွတ်တန်း ရွှေခါးပတ် ချန်ပီယံလုံးချောနှင့် စိန်ခေါ်သူရွှေခါးပတ်ချန်ပီယံချာန်ထူးတို့၏ အထူးငါးချီ ထိုးသတ်ပွဲအပါအဝင် စောဝီလျှံသိန်း (ရန်ကုန်)နှင့် ဒေါနအောင် (မြဝတီကွဲမြင်း)၊ စောဇော်လွင် (ရွှေလက်ရာ၊ ရန်ကုန်)နှင့် ဇာတ်လိုက်(မြဝတီကွဲမြင်း)၊ မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)နှင့် ဝိုင်းဝိုင်း (တောင်ကလေး၊ ဘားအံ)၊ မိုးသီး(မြန်မာပြည်သား)နှင့် ချစ်ခက် (တောင်ကလေး၊ဘားအံ)၊ ကြယ်လေး (မြန်မာပြည်သား)နှင့် အောင်ကျော်ကျော် (သိန်းငှက်ခြေရာ)၊ ဖိုးခွားလေး (ရွှေလက်ရာ၊ရန်ကုန်)နှင့် ကမ္ဘာကျော် (မြဝတီကွဲမြင်း)တို့၏ အထူးငါးချီ စိန်ခေါ်ပွဲများ ဖြစ်သည်။

ပရိသတ်အထူးကြိုက်နှစ်သက်မည့် မြန်မာပြည်အလွတ်တန်း ရွှေခါးပတ် ချန်ပီယံ လုံးချောနှင့် စိန်ခေါ်သူ ချာန်ထူးတို့ပွဲပင်ဖြစ်သည်။ လုံးချော၏ အားသန်ချက်မှာဘယ်ညာခြေကန်ချက်များ၊ စူးရှထိရောက်သော လက်သီးတွဲလုံးများ ဖြင့်ပြိုင်ဘက်ကို မနားတမ်းထိုးသတ်နိုင်သူဖြစ်သည်။ထို့အပြင်ဗလာဒူး၊ ချုပ်ဒူးများကလည်း လုံးချောလက်ဝှေ့ချန်ပီယံဖြစ်လာစေရန် အဓိက တိုက်ကွက်များပင်ဖြစ်သည်။

ဒေါနအောင် (မြဝတီကွဲမြင်း)

ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ရ စော ဝီ လျှံ သိန်း (ရန်ကုန်) နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ် ချန်ပီယံ ဒေါန အောင် (မြဝတီကွဲမြင်း)။

ကာကွယ်နိုင်ခဲ့

နာမည်ကျော် ချန်ပီယံဟောင်း ဝမ်ချိုင်းအား အနိုင်ထိုးနိုင်ခဲ့သလို လက်ဝှေ့ကျော် ရွှေဝါထွန်းကို အမှတ်ဖြင့် အနိုင်ယူကာ ရွှေခါးပတ်ချန်ပီယံ ဖြစ်လာခဲ့သူလည်းဖြစ်ပြီး မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃) တွင် စောငမန်း(ဘားအံ)ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူကာ ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သူဖြစ်သည်။

စိန်ခေါ်သူ ချာန်ထူးမှာ အရပ် ၅ ပေ ၁၀လက်မရှိရာ လုံးချောနှင့် အရပ်အမောင်းတူညီနေသည်။ ချာန်ထူးမှာ ရိုးစင်းသော သတ်လုံးသတ်ကွက်များကို မှန်မှန်ကန်ကန်ထိထိရောက်ရောက် အသုံးချနိုင်သူဖြစ်ပြီး မြန်ဆန်ပြင်းထန်သော လက်သီးထိုးချက်များကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ယခုအချိန်အထိ စိန်ခေါ်ပွဲ ၂၁ပွဲ ထိုးသတ်ခဲ့ရာ တစ်ပွဲမျှ ရှုံးပွဲမရှိသေးသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ချာန်ထူး၏ ထူးခြားချက်မှာ ၂၀၀၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲကြီးတွင် ကျော်ငြိမ်း(ဘိလပ်မြေစက်ရုံ)ကို အနိုင်ထိုးသတ်၍ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သည့် အကြိမ်ကလွဲပြီး ရန်ကုန်၌ တစ်ကြိမ်မျှ လာရောက်ထိုးသတ်ခြင်းမရှိသေးသော ရွက်ပုန်းသီးလက်ဝှေ့သမားတစ်ဦးဖြစ်သည်။ ချာန်ထူး၏ ထိုးလုံးထိုးကွက်၊ စိတ်ဓာတ်၊ သတ္တိနှင့်ခံနိုင်ရည်ရှိမှုများကို မကြာမီကြည့်ရှုရပေတော့မည်။

စောဝီလျှံသိန်း (ရန်ကုန်)

ရွှေခါးပတ် ချန်ပီယံ ဒေါန အောင် (မြဝတီကွဲမြင်း)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ရ စောဝီလျှံသိန်း (ရန်ကုန်)။

လက်ဝှေ့ရေးညီပွဲ

နောက်ထပ် စိတ်ဝင်စားစရာကောင်းသည့် လက်ဝှေ့ပွဲမှာ စောဝီလျှံသိန်း (ရန်ကုန်)နှင့် ဒေါနအောင်(မြဝတီကွဲမြင်း) တို့ပွဲပင်ဖြစ်သည်။ စောဝီလျှံသိန်း (ရန်ကုန်)မှာ မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၂)တွင် စောခွဲလေးအား သရေပွဲဖြစ်အောင် ထိုးသတ်သွားနိုင်သောလက်ဝှေ့ကျော်ဖြစ်ပြီး ဒေါနအောင် (မြဝတီကွဲမြင်း)မှာ ဒူး၊ တံတောင်နှင့် ဖြောင့်လက်သီးများ အားကောင်းသူဖြစ်ရာ လက်ဝှေ့ရေးညီသော ပွဲတစ်ပွဲဖြစ်၍ကြည့်ကောင်းမည့် ပွဲပင်ဖြစ်သည်။

ထို့အပြင် စောဇော်လွင် (ရွှေလက်ရာ၊ ရန်ကုန်)နှင့် ဇာတ်လိုက် (မြဝတီကွဲမြင်း)တို့ပွဲမှာလည်း စောဇော်လွင်က ထိုးချက်၊ ကန်ချက် မာကျောပြင်းထန်သလိုဇာတ်လိုက်ကလည်းအချုပ်အတိုက်ကောင်းလှသည်ဖြစ်ရာ အမှားအယွင်း၊ အတိမ်းအစောင်းဖြစ်လျှင် တစ်ချက်တည်းနှင့် ပွဲသိမ်းနိုင်ကြသူများဖြစ်၍ ပရိသတ်ကြက်သီးထဖွယ်ရာ ပွဲကောင်းတစ်ခုအဖြစ် မြင်တွေ့ရမည် ဖြစ်သည်။

နောက်ထပ်ပွဲစဉ်များ အားလုံးကလည်း အထူးစိန်ခေါ်ပွဲများချည်းဖြစ်ရာ **မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄)**သည် မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သော ပရိသတ်များအတွက် ပွဲကြီးပွဲကောင်း တစ်ရပ် ခံစားကြည့်ရှုကြရတော့မည် ဖြစ်ပါကြောင်း သတင်းစကား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လုံးချော (ညောင်တုန်း)

စိန်ခေါ်သူ ရွှေခါးပတ် ချန်ပီယံ ချာန်ထူး (တောင်ကလေး ဘားအံ)နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ရွှေခါးပတ် ချန်ပီယံ လုံးချော (ညောင်တုန်း)။

ချာန်ထူး (တောင်ကလေး ဘားအံ)

ရွှေခါးပတ် ချန်ပီယံ လုံးချော (ညောင်တုန်း) နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် စိန်ခေါ်သူ ရွှေခါးပတ် ချန်ပီယံ ချာန်ထူး (တောင် က လေး ဘားအံ)။

မြန်မာနိုင်ငံ ရိုးရာအဖွဲ့ချုပ်မှ ကြီးမှူး၍ T&T Group မှ ကျင်းပသော မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) စာနယ်ဇင်း ရှင်းလင်းပွဲတွင် အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် အမှာစကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ လက်ဝှေ့ကို အမြဲရှင်သန် တိုးတက်ဖြစ်ထွန်းနေစေရန် ကြိုးစားလျက်ရှိရာ ယခု မြန်မာ့ ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T & T Group မှ တာဝန်ယူ ကျင်းပ မည့် "မျှော်စင်ကျွန်းမှ စိန်ခေါ်သံ-၄" ဟုအမည်ပေးထားသော မြန်မာပြည် အလွတ်တန်း ချန်ပီယံလုပွဲကြီးကို ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း) တွင် လာမည့် မေ ၁၂ ရက် ညနေ ၆ နာရီ၌ ကျင်းပတော့မည်။

NAING Group Construction Co.,Ltd

"နှစ်သစ်ကူးအချိန်သမယကို ကြိုဆိုသောအားဖြင့် စီးပွားရေးအချက်အချာကျပြီး လူနေမှုဘဝပြီးပြည့်စုံစေမည့်နေရာများရှိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါပြီ"

Special Discount?

CONDOMINIUM

CONDOMINIUM များ၌ ပါဝင်သော ဝန်ဆောင်မှုများ.....

1. Room Type
2. New Elevator(Lift) (24 Hours)
3. PABX Telephone Exchange System
4. Satellite System
5. Security Control System
6. Transformer & Generator
7. Own Meter
8. Over Head Tank & Under Ground Tank

APARTMENT

APARTMENT များ၌ ပါဝင်သော ဝန်ဆောင်မှုများ.....

1. Ready Mixed Concrete
2. Transformer
3. Own Meter
4. Security Control System
5. Over Head Tank & Under Ground Tank
6. အိမ်သာ/ရေချိုးခန်း ကြွေပြားအသင့်ကပ်ပြီး

ကံကော်သစ်ကွန်ဒို — အမှတ်(၉၆)၊ ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်။ -Basement Car Parking(Car Wash Area) -BBQ Counter & Timber Deck -အားကစားခန်း -ရေကူးကန် — အရစ်ကျငွေချေစနစ် ရောင်းရန်ကျန်အခန်း(၂)ခန်း

နှင်းဆီကွန်ဒို — အမှတ်(၁၈၂-၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း၊ပုဇွန်တောင်မြို့နယ်။ -Pile Foundation -ဓာတ်လှေကား အသည်ပြောင်းပေးရန်မလိုပါ။ — ရောင်းရန်ကျန်အခန်း(၅)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

ချယ်ရီကွန်ဒို — အမှတ်(၁၁၆-၁၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်။ -Pile Foundation -လျှပ်စစ်ဓာတ်နှင့်လေတိုက်နှုန်းဓာတ်ခံနိုင်သည့် စနစ်ဖြင့်တည်ဆောက်ထားသည်။ — ရောင်းရန်ကျန်အခန်း(၆)ခန်း

အမှတ်(၈၃)၊ (၉၄)လမ်းနှင့်မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ်။ -ဓာတ်လှေကား အသည်ပြောင်းပေးရန်မလိုပါ။ — ရောင်းရန်ကျန်အခန်း(၁)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

အမှတ်(၁၆၆/၁၆၈)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ — ရောင်းရန်ကျန်အခန်း(၅)ခန်း အရစ်ကျငွေချေစနစ်

စံပယ်ကွန်ဒို — အမှတ်(၅၀)၊ ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊လမ်းမတော်မြို့နယ်။ -Pile Foundation — ရောင်းရန်ကျန်အခန်း(၁)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

သရဖီကွန်ဒို — အမှတ်(၅၁၈/၅၁၂)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့်၊ကျောက်တံတားမြို့နယ်။ -Pile Foundation — အရစ်ကျငွေချေစနစ် ရောင်းရန်ကျန်အခန်း(၆)ခန်း

စံကားဝါကွန်ဒို — အမှတ်(၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။ -ကျယ်ဝန်းသောကားဂိုဒေါင် — ရောင်းရန်ကျန်အခန်း(၃)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

အမှတ်(၅/၁၁)၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်။ -ဓာတ်လှေကား အသည်ပြောင်းပေးရန်မလိုပါ။ -ကိုယ်ပိုင်မြေပေါ်တွင်ဆောက်လုပ်သည်။ — ရောင်းရန်ကျန်အခန်း(၁၀)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

အမှတ်(၁၃/၁၅)၊ (၅၃)လမ်း၊ ပုဇွန်တောင်မြို့နယ်။ -ဓာတ်လှေကား အသည်ပြောင်းပေးရန်မလိုပါ။ -ကိုယ်ပိုင်မြေပေါ်တွင်ဆောက်လုပ်သည်။ — ရောင်းရန်ကျန်အခန်း(၅)ခန်း အရစ်ကျငွေချေစနစ်

အမှတ်(၅၂)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ — ရောင်းရန်ကျန်အခန်း(၂)ခန်း BCCကျပြီး၊ နေထိုင်ရန်အသင့်

ဆက်သွယ်ရန် ➤ အမှတ်(၁၁၇-၁၂၇)၊ (၃၃)လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။ ဖုန်း- ၂၄၈၀၈၂၊ ၃၈၁၇၀၇၊ ၃၈၃၆၅၈၊ ၀၉၅၁ ၁၂၁၃၉၊ ၀၉၉၉ ၂၅၃၈၉

အမည်ပြောင်း

အဖ ဦးကျော်သက်နိုင်၏ သမီး ပြွန်တန်ဆာမြို့ အလက Grade-I(B) တွင် ပညာသင်ကြားနေသော မမေမြတ်သူအား မဆုပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မဆုပြည့်စုံ။**

Since 1996 **KMD** Computer Centre

သင်တန်းအပ်လက်ခံနေပါပြီ။ [Duration 60 Hours]

Paper Based မှ Computer Based သို့ ပြောင်းနေကြပြီမို့ ကွန်ပျူတာသုံးစာရင်းကိုင်ပညာကိုတတ်ထားကြပါစို့။

LCCI Computerised Accounting (MYOB)

စာရင်းအင်းများအား ကွန်ပျူတာအသုံးပြု လုပ်တတ်စေရန် သင်ကြားပေးသော သင်တန်းဖြစ်ပါသည်။ Sample Assignment များပြုလုပ်ရင်း သင်ကြားချိန် နာရီပြည့် ကွန်ပျူတာတစ်လုံးနှုန်းဖြင့် သင်ကြားရပါမည်။ LCCI (UK) ၏စာမေးပွဲအားဖြေဆိုအောင်မြင်ပါက နိုင်ငံတကာ အသိအမှတ်ပြု Certificate ကိုရရှိပါမည်။

(ရုံးချုပ်) ☎ ၂၄၉၁၅၅/၃၈၀၇၇၄/၃၈၁၁၂၉
(ဆိပ်ကမ်းသာ) ☎ ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၀၅၅
(မြေနီကုန်း) ☎ ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃
(သိမ်ကြီးဈေး) ☎ ၃၈၄၂၆၈/၃၈၄၆၄၁
(လှည်းတန်း) ☎ ၅၂၄၄၁၀/၅၀၅၃၉၉
(တာမွေ) ☎ ၅၄၁၃၂၈

၂၇-၄-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း-၂၄၆၉၈၂၊ ၂၄၆၉၈၃	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်
သွင် ဖုန်း- ၃၃၂၃၉၄၊ ၃၁၂၃၈၂	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်
မင်္ဂလာ ဖုန်း- ၂၄၃၀၇၃၊ ၂၄၃၀၇၈	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်
ရွှေဆောင် ဖုန်း-၃၈၃၃၉၉၊ ၂၅၂၀၀၃	BLOOD DIAMOND	LEONARDO DICAPRIO, DJIMON HOUSOU JENIFFER CONNELLY
နေပြည်တော် ဖုန်း- ၂၅၁၂၃၃၊ ၂၅၁၂၈၈	CURSE OF THE GOLDEN FLOWER	CHOW YUN-FAT, GONG LI JAY CHOU
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)၃၉၈၁၂၈၊ ၆၀၂၉၁	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်
မြို့မ(မန္တလေး) ဖုန်း-(၀၂)၃၉၈၁၃၇၊ ၃၈၇၁၉	ကက်ကင်း	ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး မေသဉ္ဇာဦး၊ နန္ဒာလှိုင်

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

ခေစ်ပက်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၃၇၊ ၄လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမြဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ထားကြည်တို့၏ သား

မောင်နေထွန်းဦး

နှင့်

ဘားအံမြို့၊ (၃)ရပ်ကွက်၊ ၃/၆၄၅၊ ဗိုလ်ချုပ်လမ်းနေ ဦးဖေဝင်း-ဒေါ်ယုယုဝင်းတို့၏ သမီးကြီး

မအိသီရိဂိဝင်း B.Sc (Chemistry)

တို့သည် ၁၉-၄-၂၀၀၇ ရက်တွင် ဘားအံမြို့၌ နှစ်ဖက်သော မိဘများ၏ရှေ့မှောက်တွင် ခေစ်ပက်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေထွန်းဦး-မအိသီရိဂိဝင်း။

ရေခဲမုန့်အော်ဒါလက်ခံပြုလုပ်ပေးပါသည်။ မစ်ရှိတ်မှုန့်ပုလဲသီးရရှိနိုင်သည်။

ရေခဲမုန့်၊ အအေး၊ မစ်ရှိတ်၊ ကိတ်၊ မုန့်ဖုတ်သင်တန်း

DIM SUM၊ ကြက်ဆီထမင်း၊သီးသန့်သင်တန်း

စီးပွားဖြစ် သစ်သီးယို၊ အချိုရည်၊ ဆော့(စ်)၊ ဂျယ်လီထုတ်လုပ်သင်တန်း

သင်တန်းရက် -(၁) 3-5-07 မှ 8-5-07 (၂) 7-5-07 မှ 12-5-07

EAC since 2002 01-223300 , 09-5231267 မန္တလေး-09-2044488 ပင်မသင်တန်း(81)ပြည်ထောင်စု(12)လမ်းစုံပြင်နဲ့ပြုတ်တိုက်လမ်း၊မတော်၊ရန်ကုန်။

အမည်ပြောင်း

အဖ ဦးတင်သန်း၏ သား၊သမီးများဖြစ်ကြသော တနသာ်ရီတိုင်း၊ မြိတ်မြို့ အထက (၁) Grade VIII မှ မနှင်းအိကျော်အား မမေသင်းချယ်ဟု လည်းကောင်း၊ Grade VII မှ မခိုင်သဇင်မော်အား မသွန်းသန္တာစိုးဟု လည်းကောင်း၊ Grade III မှ မောင်ကျော်ထက်အား မောင်သုတဇော်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

လုံးချင်းနှစ်ထပ်တိုက်ငှားမည်

ပေ၅၀ X ၈၃ပေအကျယ် မြေပေါ် ၃၆ ပေ X ၄၅ ပေအာရ်စီအိမ်၊ ဖုန်းနှစ်လုံး၊ အဲယားကွန်းသုံးလုံး၊ အိမ်မီး၊ ပါဝါမီးတို့ပါသည်။ အမှတ် ၄၀/၄၂ မင်းလမ်း၊ ဂွတ္တလစ်၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်အနီး၊ ဈေးနီး၊ ကျောင်းနီး။ (ပွဲစားမလို)

ဆက်သွယ်ရန်ဖုန်း- ၅၀၄၉၉၁၊ ၀၉-၅၃- ၂၁၄၅၆၊ ၀၉-၅၁-၄၄၇၈၃။

တပည့်တွေတော်၍ဆရာနာမည်ကျော်သည်။

ဆရာ **ဦးမောင်မောင်တီ** B.Sc.(Applied Maths);B.A.(History)

သင်္ချာ ဂိုးမချန်အတတ်သင်သချာသင်တန်း

၂၈၄၊ဗညားဒလလမ်းမကြီး၊ကျောက်မြောင်း၊တာမွေမြို့နယ်၊ ဖုန်း-552054

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း သဒ္ဒါနှင့်အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတန်းသင်ကြားသော အမှန်တကယ်တွေ့တတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၃တွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ် ၂ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။အလယ်/အထက်တန်း ဘွဲ့ကြို ဘွဲ့ရ၊ အလုပ်ခွင်ရောက်သူ၊PSC ဖြေဆိုသူ မဖြစ်မနေတက်ပါ။

မေလ (၇/၁၂)ရက်နေ့ (ပ/၃တွဲ)တန်းခွဲသစ်ဖွင့်မည်။

အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ခုံတံတားထိပ်၊ ရန်ကုန်မြို့ Ph: 286871, 09 51 72096

လုံးချင်းတိုက်ရောင်းမည်

ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းသွယ်၊ ကုက္ကိုင်းတွင် အသင့်နေထိုင်နိုင်သော နှစ်ထပ်တိုက် (R.C)အပါအဝင် ခြံဝန်းကျယ် ရောင်းမည်။ ဖုန်းပါ၊ ရေ၊ မီး အလွန်ကောင်း၊ ဘိုးဘွားပိုင်၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁-၉၃၀၆၅။

အမွေပြတ်ခြင်းအားပြန်လည်ရုပ်သိမ်းခြင်း

၁၈-၂-၁၉၉၀ရက်ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင်ပါရှိသော မခိုင်မာသင်း(ခ)မခိုင်ခိုင်အောင် ၁၂/တမန(နိုင်) ၀၈၆၅၄၃ ကိုင်ဆောင်သူအား အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

အမွေပြတ်ခြင်းအား ပြန်လည်ရုပ်သိမ်းပြီး အမွေစား၊အမွေခံသမီးအရင်းအဖြစ် မိဘများနှင့်အတူတကွ နေထိုင်လျက်ရှိကြောင်း ကြေညာအပ်ပါသည်။

ဦးချမ်းမြ ၁၂/တမန(နိုင်)၀၉၆၂၅၁၊ ဒေါ်သန်းမြင့် ၁၂/တမန(နိုင်)၀၉၆၂၅၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သိန်းဌေး၏ နိုင်ငံကူးလက်မှတ် အမှတ်၇၀၀၄၈ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၅၃၀၁၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်မင်းအောင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၁၆၁၆၂၂သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၇၂၅၅၈၀။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ နေ ကျွန်မ၏သားဖြစ်သူ မောင်နောင်နောင်လင်း ၇/ပခန(နိုင်) ၂၅၀၂၄၅ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ။ **မိခင်-ဒေါ်ဌေးဌေးဝင်း ၇/ပခန(နိုင်)၁၅၁၃၄၅။**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် သတ္တဌာန ကမ္မဋ္ဌာန်းကျောင်းအတွက် ရန်ကင်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၄၄/က/၆)နေ ဒေါ်ဖြူဖြူနိုင်၊ သမီး မနှင်းဝတ်ရည်ဦး မိသားစုက အလှူငွေကျပ် ၃၄၀၀၀၀ကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သီတဂူဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၂၈

ဥက္ကလာဦး ဓမ္မဆုတောင်းပြည့် စေတီ လုံးတော်ပြည့်ကြေးပြားနှင့် ရွှေသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဧပြီ ၃၀ရက်(ကဆုန်လပြည့်နေ့)တွင် အရှင်တေဇိန္ဒ(ဓမ္မကထိက)၊ မေ ၁ရက် (အင်္ဂါနေ့)တွင် အရှင်ဒေဝိန္ဒာဘိဝံသ (ဓမ္မကထိက)နှင့် မေ ၂ရက် (ဗုဒ္ဓဟူးနေ့)တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D. Litt)(Ph.D) တို့က ဥက္ကလာဦး ဓမ္မဆုတောင်းပြည့် စေတီမုခ်ဦး ပြည်သာယာလမ်း အထက(၂) သဃ်န်းကျွန်းရှေ့တွင် ညစဉ် ၇နာရီမှ စ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ပြီး ဥက္ကလာဦးစေတီနှင့် သီတဂူသာသနာပြုလုပ်ငန်းများအတွက် လှူဒါန်းလိုပါက ဖုန်း-၅၅၈၈၄၉ နှင့် ၅၇၁၁၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မဗျူဟာ(ပဲခူး)အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်း

ရန်ကုန် ဧပြီ ၂၈

ဓမ္မဗျူဟာသာသနမာမကအဖွဲ့ ပဲခူးမြို့ကကြီးမှူး၍ ပဲခူးမြို့ ဥသာမြို့သစ် ဘုရင့်နောင်လမ်းရှိ လူပုဂ္ဂိုလ်များဆိုင်ရာ ပရိယတ်-ပဋိပတ်သင်တန်းကျောင်းတွင် သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မ ဇောတိကဓဇ)သည် မေ၁ရက်မှ ၃ရက်အထိ အခြေခံပဋ္ဌာန်းကျင့်စဉ်သင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၀၅၂-၂၃၁၉၉သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရဟန်းခံရှင်ပြုသီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၈

ဆုထူးပန်ဆရာတော်ကြီး သလ္လာအရှင်ပဏ္ဍိတအား အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းနေ အလှူဒါယကာ ဦးရဲအောင်-အလှူဒါယိကာမ ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်) မိသားစုတို့က နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယ ဆုထူးပန်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသလ္လာ အရှင်ပဏ္ဍိတ၊ တပ်ကုန်းမြို့ မဟာ သီဟနာဒ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာဒိစ္စနှင့် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဦးသုစိတ္တတို့အား သိက္ခာထပ်မင်္ဂလာ၊ ဒုလ္လဘရဟန်းလောင်းအပါး၁၅၀တို့အား ရဟန်းအဖြစ်ခံယူခြင်းမင်္ဂလာနှင့် ဆုထူးပန်ကန်တော်မင်္ဂလာပရဟိတတိုင်းရင်းသားကလေးငယ်၄၀၀တို့အား သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ၊ ကျောင်းသူ၇၀တို့အား သီလရှင်အဖြစ်သွတ်သွင်းခြင်းနှင့် ရင်သွေးငယ်သုံးဦးတို့အား နားသခြင်းအလှူတော်မင်္ဂလာအခမ်းအနားတို့ကို ဧပြီ၂၆ရက်နှင့် ၂၇ရက်တို့တွင် တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ ဆုထူးပန်ပရိယတ္တိ(ရွှေကျင်) ကျောင်းတိုက်၌ ကျင်းပသည်။

ဧပြီ၂၆ရက် နံနက်၆နာရီမှ စတင်၍ ဒုလ္လဘရဟန်းလောင်းများ၊ ရှင်လောင်းများ၊ သီလရှင်လောင်းများအား ဘိသိက်မင်္ဂလာကျင်းပပြီး ရွှေတိဂုံ စေတီတော်နှင့် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်များသို့ လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး ဧပြီ ၂၇ရက် နံနက် ၉နာရီတွင် တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ ဆုထူးပန်ပရိယတ္တိ(ရွှေကျင်) ကျောင်းတိုက်၌ သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတောင်မြို့နယ် ပညာရေးမိသားစု စုပေါင်းရှင်ပြုပွဲ ကျင်းပ

ရွှေတောင် မေ ၁၂

ရွှေတောင်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူး၍ ပညာရေး မိသားစု၏ စတုတ္ထအကြိမ် စုပေါင်းရှင်ပြုအလှူတော် မင်္ဂလာကို မေ ၃ ရက်နှင့် ၄ ရက်များက အဆိုပါရုံးရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

သွတ်သွင်း

မေ ၃ ရက် နေ့လယ်တွင် ရှင်သာမဏေလောင်းများအား မြို့တွင်းသို့ တစ်ပတ်လှည့်လည်ကြပြီး ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

မေ ၄ ရက် နံနက် ၆ နာရီတွင် မြို့နယ်ပညာရေးမှူး ဦးဘညိဏ်းတင့်နှင့် ဆရာ၊ ဆရာမများ အလှူရှင်များက ရွှေတောင်မြို့ မဟာဝိသုတာရာမဂန္ဓာရုံ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော် ဘဒ္ဒန္တ ဦးအဂ္ဂဝံသထံမှ ကိုးပါးသီလခံယူကြပြီး ရေစက်ချတရားတော်နာယူကာ သာဓုအနုမောဒနာ ခံယူကြသည်။

ချီးမြှင့်

ယခုစတုတ္ထအကြိမ် စုပေါင်းရှင်ပြုပွဲတွင် ရှင်သာမဏေ အပါး ၅၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့ပြီး နှစ်စဉ်မပြတ် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်

မိုးညှင်း မေ ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့ စီမံကိန်းရုံးအနီး ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲကို မတ် ၂၅ရက် နံနက်၇နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးဇော်မင်းဟန်က အမှာစကား ပြောကြားပြီး ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မြင့်က ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ခြင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူ မျိုးစေ့နှင့် ပျိုးကိုင်းများကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးအေးမင်းသိန်းက ခရိုင်အဆင့် ဌာနဆိုင်ရာနှင့် လူမှုရေး အသင်းအဖွဲ့များအား အသီးသီးပေးအပ်ပြီး သတ်မှတ်နေရာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(၁၅၂)**

မန္တလေးရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် မနော်ဟရီလမ်း အမှတ်(၃၂)နေ ကွယ်လွန်သူ ဦးမြအောင်အား ရည်စူး၍ ဒေါ်ခင်ကြည်နှင့်မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဆက်ကပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာတော် ဦးရာဇိန္ဒက ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။ (က-ပ)

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ပရိမ္မစံပြကျေးရွာဖွင့် ဝါဆိုကျောင်းတိုက်ဆရာတော်အား လှူဖွယ်များဆက်ကပ်

မုံရွာ မေ ၂၀

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ပရိမ္မစံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီက ပရိမ္မစံပြကျေးရွာ မုခ်ဦးရှေ့၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်း/ခရိုင်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိမ္မစံပြကျေးရွာ ဖွင့်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပရိမ္မစံပြကျေးရွာမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ပရိမ္မစံပြကျေးရွာ တယ်လီဖုန်းရုံးကို သွားရောက်ကြည့်ရှု၍ ကျေးရွာဝါဆိုကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည့် ဆရာတော် ဦးစန္ဒာသီရိနှင့် ဦးစန္ဒာဝရတို့အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာဥက္ကဋ္ဌရုံးနှင့် ထီးလှိုင်ရှင် စာကြည့်တိုက်၊ မုံရွာမြို့ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ဆေးဝါး ကုသနေမှုနှင့် ကျေးလက် ကျန်းမာရေးဌာန၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ ကျန်စစ်မင်းပန်းခြံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပရိမ္မစံပြကျေးရွာတွင် ကျန်စစ်သားမင်း တည်ထားကိုးကွယ်ခဲ့သော ထီးလှိုင်ရှင် မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်ပြီး ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေစိုက်စခန်းရုံးကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများနှင့် ကျောင်းစာကြည့်တိုက်၊ သိပ္ပံခန်း၊ အိမ်တွင်းမှုခန်း၊ ဘုရားခန်း၊ ဂီတ၊ ရသခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည် များကို မှာကြားခဲ့သည်။ **(တိုင်း ပြန်/ဆက်)**

မော်ကျွန်း ဘိုးဘွားရိပ်သာအတွက် ငွေပဒေသာပင်စိုက်ထူ ဆေးဝါးလှူဒါန်း၊ ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသ

မော်လမြိုင်ကျွန်း မေ ၂၅

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား မော်လမြိုင်ကျွန်းမြို့ရောက် ဟင်္သာတမြို့သူ၊ မြို့သားများအသင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုသောအားဖြင့် ဘိုးဘွားရိပ်သာအတွက် နှစ်ပတ်လည် ငွေပဒေသာပင်စိုက်ထူခြင်း၊ ဘိုးဘွားများအား ကျွေးမွေးလှူဒါန်းခြင်း၊ ဆေးဝါးလှူဒါန်းခြင်းနှင့် ကျန်းမာရေးစမ်းသပ်စစ်ဆေး ကုသပွဲကို မေ ၂၁ရက် နံနက် ၉နာရီက ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရဲနိုင်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကိုကိုလွင်နှင့် မြို့မိမြို့ဖများ၊ မော်လမြိုင်ကျွန်းမြို့ရောက် ဟင်္သာတမြို့သူ၊ မြို့သား အသင်းသားများ တက်ရောက်ကြသည်။

ယင်းနောက် ဘိုးဘွားရိပ်သာနှစ်ပတ်လည် ငွေပဒေသာပင် ကျပ်ငါးသောင်းနှင့် ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ဟင်္သာတမြို့သူ၊မြို့သားများအသင်းဥက္ကဋ္ဌ ဦးရဲနိုင်ဝင်းနှင့် အသင်းသူ၊ အသင်းသားများက ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

စမ်းသပ်စစ်ဆေး

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန် ဒေါက်တာဝင်းထိန်နှင့် ဝန်ထမ်းများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာအေးအေးမော်တို့က ဘိုးဘွား ၁၄ ဦးတို့အား ကျန်းမာရေးနှင့် သွားကျန်းမာရေးတို့ကို စမ်းသပ်စစ်ဆေးကုသပေးကြသည်။ **(ဝ၉၇)**

သိမ်ဇရပ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျိုက်ထို မေ ၁၂

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၇)ဖွင့်ပွဲကို မတ် ၂၀ ရက်က သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စိုးပိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက ပြန်ကြားရေးဝန်ကြီးဌာနအကြောင်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်မိတ်ဆက်ကိုလည်းကောင်း၊ စာထောက် (၃) ဒေါ်သန်းသန်းမော်က မျိုးတူစုအကြောင်း၊ စာအုပ်များ မှတ်ပုံတင်ခြင်းတို့ကိုလည်းကောင်း ပို့ချပြီး လက်တွေ့ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ မေ ၁၅

မန္တလေးတိုင်း မိတ္ထီလာမြို့ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက်က မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပရာအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ သူနာပြုဆရာမများ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (မိတ္ထီလာ)အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား မေ ၁၇

ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီ ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ ၂၀၀၇ ရွေးချယ်ရေး ရေးဖြေဘာသာရပ်ဖြေဆိုပွဲကို ဧပြီ ၉ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီရုံး၌ ကျင်းပရာ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ ကာမိုင်း၊ ဖားကန့်၊ ရွှေကူ မြို့နယ်၊ ဝိုင်းမော်မြို့နယ်များမှ ထူးချွန်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ဖြေဆိုကြသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီဖြေဆိုပွဲကိုပြည်နယ်ကြက်ခြေနီ အသင်း ဥက္ကဋ္ဌပြည်နယ်ကျန်းမာရေး ဦးစီးမှူးဒေါက်တာခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။(ဝဲပုံ)

(စာပေစာနယ်ဇင်း)

ရိခေါဒါရ်မြို့၌ ကျန်းမာရေးအသိပညာပေး ဟောပြော

ရိခေါဒါရ် ဧပြီ ၁၉

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၅ရက် မွန်းတည့် ၁၂နာရီက ရိခေါဒါရ်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ အသင်းဝင် ၁၀၀တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက အဖွင့်အမှာစကား ပြောကြားပြီး ပျို့ရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အမှုဆောင်ဒေါ်ခင်သန်းနွဲ့က လူငယ်နှင့် ယဉ်ကျေးမှု ဆိုင်ရာကိုလည်းကောင်း၊ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ ရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင်ကြီး ဦးဘစီ နှစ် (၂၀) ပြည့်နှင့် မိခင်ကြီး ဒေါ်ရှုရင် ကိုးနှစ်ပြည့် အားရည်စူး၍ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရတနာသီရိဈေး ဆန်းညွန့်ဦးရွှေဆိုင် သား သမီး၊ မြေးမြစ်မိသားစုက အလှူငွေကျပ် ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မကွေးတိုင်း ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက် များသို့ ရေပေးဝေလျက်ရှိသည့် ဂါလန် ၈၅၀၀၀ ဆံ့ ရေစုကန် အတွင်း အနည်ထိုင်လျက်ရှိသည့် ရွှံ့နွံများရှင်းလင်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း လုပ်ငန်းကို မတ် ၈ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်၊ ဒုတိယ ဦးစီးမှူး ဦးအောင်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဝင်း တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဧပြီ ၁ရက်က အလှူရှင် နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးမင်းချစ်ဦး-ဒေါ်ညိုညိုဝေလွင် မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းပေးအပ် လှူဒါန်းရာ ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံဖွင့် ကျောက်ဆည်၌စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ကျောက်ဆည် ဧပြီ ၁၂

ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို မတ် ၁၅ရက် နံနက် ၁၀ နာရီက မင်းစုကျေးရွာရှိ စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

စိုက်ထူလှူဒါန်း

ဆက်လက်၍ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူပွဲ ကျင်းပရာ ဗိုလ်မှူးကျော်ငြိမ်း(စတီးစက်ရုံ-စက်ရုံမှူး)က ငွေကျပ် ၁၅၀၀၀နှင့် စာအုပ်၊ စာစောင်များ၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်များ၊ အလှူရှင် ၅၀တို့က စာကြည့်တိုက်အတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြစံက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ကဆုန်လပြည့်နေ့
၃၀-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ **တရားတော်**
(ကဆုန်လပြည့်နေ့ တရားတော်)

နေ့လယ်ပိုင်း

၀၉း၃၅ ဆွေးနွေးခန်း (တောင်ငူမြို့မှ ရွှေဆံတော်စေတီ ဘက်စုံပြုပြင်မွမ်းမံမှုများ)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်မှ အဆင့်မြင့်မီးခံအုတ်စက်ရုံ အကြောင်း)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (အစာသည်ဆေး-သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ တေးသွားလှလှ မဟာဂီတ
(၁) တေးဘုမ္မာနိဗ္ဗိန္ဒတေးထပ် (ဒေါ်ခင်မြင့်)
၁၃း၁၀ **ဟောပြောချက်**
(ဗုဒ္ဓအခါတော်နေ့ ကဆုန်လပြည့်)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ကျွန်မတို့ရွာကလေး (ကမ္ဘောဇမေသင်းရီ)
(၂) ရေခပ်ဆင်းချိန် (မောင်ကိုကိုအဖွဲ့)
(၃) ပျိုလေးတို့ရွာလာခဲ့ပါ (ခင်ခင်ညွန့်)
၁၆း၃၀ ဟောပြောချက်
(ကဆုန်လပြည့် ဗုဒ္ဓနေ့)
၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (မြန်မာ့ရှေးရိုးရာ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံ ဦးဘုန်းမြင့်)
၁၉း၁၅ သီတဂူဆရာတော်၏ ကဆုန်လပြည့်နေ့ တရားတော်
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သံသရာခရီးသည် (မေလှမြိုင်)
(၂) မာန် (မောင်ကိုကို)
(၃) ပျံသန်းရမည့်နေ့(စိန်စိန်မြိုင်)
၂၀း၅၅ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာတရားတော်

သထုံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်း

သထုံ ဧပြီ ၁၂

သထုံခရိုင်နှင့် သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့နယ် ဆိပ်ကျွန်းကျေးရွာတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော မွန်စာပေနှင့်ယဉ်ကျေးမှု သင်တန်းသို့ တက်ရောက်သင်ကြားနေသည့် သင်တန်းသား သင်တန်းသူ ၃၀ တို့အား စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းခဲ့ပြီး **(ယာပုံ)** ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီထွန်းကမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

သန့်ရှင်းရေး

ထို့နောက် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ကဦးဆောင်၍မတ် ၁၉ ရက်နံနက် ၇ နာရီက ခရိုင်အတွင်းရှိလူမှုရေးအသင်း အဖွဲ့ဝင်များစုပေါင်း၍ မြို့ကျက်သရေဆောင်သမိုင်းဝင် ရွှေစာရံစေတီ ရင်ပြင်တော်တွင် သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးသင်တန်းဖွင့်

ငပုတော ဧပြီ ၁၂

ငပုတောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက ပြင်ခရိုင် ကျေးရွာ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌကိုယ်စား ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဆန်း၊ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာ စိုးသိမ်း (တွဲဖက်အတွင်းရေးမှူး) တို့က အမှာစကားပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့၊ ပညာရေးဌာန ဝန်ထမ်း၊ မွေးမြူရေးသမား သင်တန်းသား ၆၄ ဦးတက်ရောက်ကြသည်။

နယ်မြေခံတပ်ရင်းနှင့် ချောင်းဝအုပ်စု အသင်းတို့ ပူးပေါင်း၍ အခြေခံစစ်ရေးပြနှင့် လက်နက်ငယ်သင်တန်းကို ချောင်းဝရွာ အလကခန်းမ၌ မတ် ၂၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ရာ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်လင်းအောင်၊ ဒေါက်တာစိုးသိမ်း(တွဲဖက်အတွင်းရေးမှူး)တို့က အမှာစကားပြောကြားကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂-၅-၂၀၀၇ **(ဗုဒ္ဓဟူးနေ့)**
❑ အမျိုးနှင့်အမျိုးစောင့်တရား
- ပထမနှစ် အထူးပြုအားလုံး နေ့ကျောင်းသား ကျောင်းသူများ
❑ ပုဂံခေတ်လူ့အဖွဲ့အစည်း
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၅-၂၀၀၇ **(ကြာသပတေးနေ့)**
❑ Translation Studies
- မဟာဝိဇ္ဇာအရည်အချင်းစစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Psycholinguistics
- ဒုတိယနှစ် မဟာဝိဇ္ဇာ အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၅-၂၀၀၇ **(သောကြာနေ့)**
❑ ပုစ္ဆာအကြောင်းသိကောင်းစရာ
- အများပြည်သူများ
❑ Intra-ASEAN Socio-Economic and Security Co-operation
- သမိုင်း၊ ပ၊ ဒ၊ တနှစ်ဂုဏ်ထူးတန်း မဟာအရည်အချင်းစစ် ကျောင်းသား ကျောင်းသူများ

၅-၅-၂၀၀၇ **(စနေနေ့)**
❑ Transfer of Immoveable property
ဒုတိယနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Essentials of a Valid Contract
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Communication
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Essentials of aValid Contract
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ ကိတ္တိမ သားသမီးမွေးစားခြင်း
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Voil Agereements
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Second Year Notes
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Poetry
- ဒုတိယနှစ်အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
❑ DAVIDSWAN
- ဒုတိယနှစ်အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Trees and Erosion
- ဒုတိယနှစ်အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
❑ The Jungle Cocks
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၅-၂၀၀၇ **(တနင်္ဂနွေနေ့)**
❑ Time Space, and travel
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Earth's Major Biomes
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ World Cities
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Classification and Types of Settlements
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Geography of Developed Countries Economic Activities of Japan
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Urban Impacts
- ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
❑ Introduction to South East Asia
- ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
❑ The Forty-years War
- ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
❑ Innwa, Bago and Taungoo after the Forty Years War
- ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
❑ The Rise of Taungoo Dynasty and the King Tabinshwenti's Campaigns
- ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးပေါင်းစုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၄ ရက်က အဆိုပါလမ်းမှန်ဦး၌ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်တို့ တက်ရောက်အားပေးပြီး မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျောင်းကုန်းမြို့နယ်၌ နွေစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

ကျောင်းကုန်း မေ ၂၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စု ကွင်းအမှတ် ၄၂၅အေ(ကြီးနီမြောက်ကွင်း)ဦးပိုင်အမှတ် မ/၂၉တောင်သူ ဦးစိုးရှိန်၏ နွေစပါး (မယင်း)မနောသုခစပါး ၁၇ဒသမ၀၁ ဧကမှ စံကွက် ၀ဒသမ ၀၁ရိတ်သိမ်းပွဲကို မေ၂၃ရက် နံနက်၁၀ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိန်တင်၊ စိုက်ပျိုးရေး မန်နေဂျာဦးကြည်သိန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်တို့ တက်ရောက်အားပေးကြည့်ရှုရာ **(အောက်ပုံ)** တစ်ဧက အထွက်နှုန်း အခြောက်ခံပြီး ၁၃၀ဒသမ၁၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ရိတ်သိမ်း

ဆက်လက်၍ ဆိပ်ဖူးနီကျေးရွာနှင့် ကံ့ဖားရိုးကျေးရွာတို့၌ စံကွက်ရိတ်သိမ်းခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းရေးဆောင်ရွက် သီပေါ၌ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေပုံးများထားရှိမှုစစ်ဆေး

သီပေါ မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်သည် မေ ၂ ရက်က မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးကိုကိုဦး၊ မြို့နယ် ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးမှတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့်အတူ မီးသတ်ရေလှောင်ကန်များ ရေအစဉ်အမြဲဖြည့်တင်းရေးအတွက် ဖာဖိတ်ဆည်ကြီးမှ စီးဆင်းလာသော လက်ဝဲမြောင်း၊ လက်ယာမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထို့နောက် စံဖိတ်၊ စံလိုင်၊ နားလွယ်၊ဘော်ကြိုကျေးရွာများနှင့်တောင်မြို့ရပ်ကွက်ရှိ လူနေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေပုံးများထားရှိမှု အခြေအနေများ၊ သတ်မှတ်ချိန်များအတွင်း မီးအသုံးပြုခြင်း၊ ငြိမ်းသတ်ခြင်းများ ရှိ၊ မရှိဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး ပညာပေးဟောပြောမှုများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စံဖိတ်ကျေးရွာအားကစားကွင်းတွင် လုပ်ငန်းရှင်များ၊ ကျေးရွာသားများကိုတွေ့ဆုံပြီးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ဘူး အသုံးပြုပုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးက လက်တွေ့ငြိမ်းသတ်ကြသည်။ **(အပေါ်ယာပုံ)**၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးဘေးတားဆီးရေးကော်မတီတို့ကကြီးမှူးပြီး ဌာနဆိုင်ရာများ၊လုပ်ငန်းဌာနများနှင့် ရပ်ကွက်အသီးသီးတို့တွင် ဓာတ်တိုက်လေ့ကျင့်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးပညာပေးဟောပြော

ပခုက္ကူ မေ ၂၈

ပခုက္ကူမြို့တွင် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၂နာရီက ပခုက္ကူခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဦးအောင်ကျော်မင်းက ဝက်သက်ရောဂါအကြောင်းကိုလည်းကောင်း၊မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း ဟောပြောကြသည်။ (၄၁၃)

ပုသိမ်မြို့သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ပုသိမ်အသင်း (ရန်ကုန်)က အလှူငွေကျပ် ၃၁သိန်းကို စေတီတော် အလှည့်ကျသဘာပတိ ဦးကျော်စန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

GOLDEN LION HIGH TECH AGRICULTURAL RESOURCES CO.,LTD.

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. Area Sale Manager (3) ဦး
2. Admin Manager (1) ဦး
3. Production Manager (1) ဦး
4. Sales & Marketing (Technical Service) (10) ဦး
5. Sale Executive (3) ဦး
6. Accountant (3) ဦး
7. Sale Admin (3) ဦး

အမှတ်စဉ် (1)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်။ Sale Manager အတွေ့အကြုံ (2)နှစ်ရှိရမည်။ သွက်လက်ဖျတ်လတ်၍ လွတ်လပ်စွာ ခရီးသွားလာနိုင်ရမည်။ ကားနှင့်ဆိုင်ကယ် မောင်းတတ်ရမည်။

အမှတ်စဉ် (2) နှင့် (3)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (2)နှစ် ရှိရမည်။ အသက် (30-45) ကြား ဖြစ်ရမည်။

အမှတ်စဉ် (4)အတွက် လျှောက်ထားသူသည် B-Ag (သို့) Dip-Ag ဘွဲ့ရ ဖြစ်ရမည်။ သွက်လက်ဖျတ်လတ်၍လွတ်လပ်စွာ ခရီးသွားလာနိုင်သူဖြစ်ရမည်။ အတွေ့အကြုံ (2)နှစ် ရှိရမည်။ အသက် (25-35)ကြား ဖြစ်ရမည်။

အမှတ်စဉ် (5)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်။ Sale Executive အတွေ့အကြုံ (2)နှစ်ရှိရမည်။ သွက်လက်ဖျတ်လတ်၍ လွတ်လပ်စွာ ခရီးသွားလာနိုင်ရမည်။ ကားနှင့်ဆိုင်ကယ် မောင်းတတ်ရမည်။

အမှတ်စဉ် (6) နှင့် (7)အတွက် လျှောက်ထားသူသည် LCCI (or) B.Com ဘွဲ့ရဖြစ်ရမည်။ Excel ကျွမ်းကျင်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်(မိတ္တူ)တို့နှင့်အတူ လျှောက်ထားလိုသော ရာထူးတိကျစွာဖော်ပြ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း စာတိုက်သေတ္တာအမှတ် (၁၃၉၈)သို့ ပေးပို့၍သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။ ကြို/ပို့ အစီအစဉ်ရှိသည်။

ရွှေခြင်္သေ့ အဆင့်မြင့် စိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီလီမိတက်၊

အမှတ်(၂၄၂)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

1. SR. ENGINEER { B.E /A.G.T.I (Electrical Power / Mech.)} ကျား – ၃ ဦး
   လုပ်ငန်းအတွေ့အကြုံရှိသူ (အသက် ၄၀ နှင့် ၅၅နှစ်ကြား)
2. ENGINEER { B.E /A.G.T.I (Electrical Power / Mech.)} ကျား – ၄ ဦး
3. တရုတ်ဘာသာအရေး၊အပြော၊အဖတ်ကျွမ်းကျင်သူ (ဘွဲ့ရ) ကျား/မ – ၆ ဦး
4. စာရင်းစစ် (B.Com.,C.P.A) (လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်) မ – ၃ ဦး
5. စာရင်းကိုင် (လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်) မ – ၃ ဦး
   (စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိသူနှင့် LCCI Level-3 အောင်မြင်ပြီးသူ)
6. Marketing ကျွမ်းကျင်သူ (ဘွဲ့ရ) ကျား/မ – ၁၀ ဦး
   (အတွေ့အကြုံရှိပြီး စီမံခန့်ခွဲဦးဆောင်နိုင်သူဖြစ်ရမည်။)
7. Computer ကျွမ်းကျင်သူ (ဘွဲ့ရ) မ – ၅ ဦး
8. အရောင်းဝန်ထမ်း မ – ၁၀ ဦး
9. ကျွမ်းကျင်သောယာဉ်မောင်း ကျား – ၅ ဦး
10. လုံခြုံရေးဝန်ထမ်း ကျား – ၅ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ မျှော်မှန်းလစာ ပညာရေးအထောက်အထားမိတ္တူ၊ ရဲစခန်းထောက်ခံစာ (သို့) ရ–ယ–ကထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ပူးတွဲ၍ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ။ ။ **Super One International Co., (Myanmar)Ltd.**

အမှတ်(၆၆)၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

နွေရာသီရေကူးသင်တန်း

တက္ကသိုလ်များရေကူးကန်(သထုံလမ်း)တွင်

စတင်ဖွင့်လှစ်နေပါပြီ

☎ : 01-513109,701387,500544

📱 : 095179721

နယူးမန္တလာထွန်းခရီးသည်ပို့ဆောင်ရေးမှ အထူးကျေးဇူးတင်ရှိခြင်းနှင့် (ရန်ကုန်-မုံရွာ)အသွားအပြန် တန်ဆာပစ္စည်းများပေးပို့နိုင်ကြောင်းကြေညာခြင်း

(၆–၄–၂၀၀၇)ရက်နေ့မှစ၍ (ရန်ကုန်–မန္တလေး–မုံရွာ)ခရီးစဉ် တိုးချဲ့ပြေးဆွဲရာတွင် အဘက်ဘက်မှကူညီအားပေးခဲ့ကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်အားလုံးအား နယူးမန္တလာထွန်းမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ရန်ကုန်–မုံရွာအသွားအပြန် တန်ဆာပစ္စည်းများလည်း ဈေးနှုန်းသက်သာစွာဖြင့် စတင် ပေးပို့နိုင်ပါကြောင်း လုပ်ငန်းရှင်များအား အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်-၇၀၁၇၇၂/၇၀၃၉၆၉ မန္တလေး-၈၈၇၆၆/၈၀၉၃၀ စစ်ကိုင်း ၂၁၂၆၈ မုံရွာ-၂၁၂၉၅

ရန်ကုန်အရှေ့ပိုင်းနှင့် တောင်ပိုင်းခရိုင်ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူး (ကမာကြည်) တံတားဖွင့် သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်ရှိပြည်သူများ ရန်ကုန်သို့ လျင်မြန်စွာ သွားလာနိုင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများစွာ အထောက်အကူပြု

နိုင်ငံတော်ကတည်ဆောက်ခဲ့သည့် ပေ ၁၈၀ အထက် တံတားများအနက် ၂၂၄ ဝင်းမြောက် တံတားဖြစ်

ရန်ကုန် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ငမိုးရိပ်တံတား(ကမာကြည်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ကမာကြည်လမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ငမိုးရိပ်တံတား (ကမာကြည်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) ၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ထူးခြားသောအပူချိန် ၂၈-၄-၂၀၀၇

နေပြည်တော်	၁၀၇ ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၄ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၃ ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၈ ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၈ ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၈ ဒီဂရီဖာရင်ဟိုက်
အောင်လံ	၁၀၈ ဒီဂရီဖာရင်ဟိုက်
သာယာဝတီ	၁၀၈ ဒီဂရီဖာရင်ဟိုက်

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အမျိုးသားရေးလက္ခဏာအစဉ်အလာကောင်း

နိုင်ငံရေးဆိုတာမှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မှာဖြစ်လို့ ပြည်သူတွေက မိမိတို့မကြိုက်နှစ်သက်တဲ့ ပါတီတွေ၊ နိုင်ငံရေးသမားတွေကို မဲမပေးလို့ရတယ်။ စိစစ်ရွေးချယ်လို့ရသေးတယ်။ အမျိုးသားရေး လက္ခဏာ အစဉ်အလာကောင်းဆိုတာက နှစ်ပရိစ္ဆေဒကြာမြင့်စွာ ထိန်းသိမ်းစောင့်ရှောက်ဆောက်တည်လာခဲ့ရတဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဗျ။ အခြားရွေးချယ်လို့ မရနိုင်ဘူး။

စာဖတ်သူတစ်ဦး၏ နိုင့်ထက်စီးနင်း ဖျက်ဆီးခြင်းခံနေရသည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာတစ်ရပ် ဆောင်းပါး စာ-၄ နှင့် ၅ ၌ ဖတ်ရှုနိုင်ပါသည်။